# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ အင်္ဂါနေ့ အတွဲ (၆၅)၊ အမှတ်( ၀၃၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုး ရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်း ရင်ပြင်တော်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❑




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။


**ယနေ့ *သတင်းအညွှန်း***

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ** *ပြည်တွင်းသတင်း* စာ ၁၃

**အိုပက်ပလပ်စ်က ဒီဇင်ဘာလတွင် ရေနံစိမ်းထုတ်လုပ်မှုများကို ထပ်မံတိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်နေ** *နိုင်ငံတကာသတင်း* စာ ၁၄

**အမျိုးသားရေးအသိဖြင့် စာပေတာဝန်ကျေပွန်ကြစို့** *ဆောင်းပါး* စာ ၁၈

**မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်** *ဆောင်းပါး* စာ ၂၂

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြစဉ်။

❑ *ရှေ့ဖုံးမှ*

ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့များ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

### နွေးထွေးစွာကြိုဆို

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

### ဖတ်ကြား

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် က "ဇယ မင်္ဂလာစာတမ်းလွှာ" ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့က ၂၀၂၅ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### တစ်ပြိုင်နက် လွှတ်တင်

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကိုတီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များ ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ရက်ကန်းအဖွဲ့များက

*စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ပြိုင်ပွဲဝင်အသင်းများအလိုက် မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၃ မှ*

ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက် လွှတ်တင်ကြသည်။

**သီဆိုဖျော်ဖြေ**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်

*စာမျက်နှာ ၅ သို့*



စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ လွှတ်တင်နိုင်မှုကို တွေ့ရစဉ်။



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောင်မြင်စွာလွှတ်တင်နိုင်မှုကို တွေ့ရစဉ်။



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှပစွာလွှတ်တင်နိုင်မှုကို တွေ့ရစဉ်။



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အောင်မြင်စွာ လွှတ်တင်နိုင်မှုကို တွေ့ရစဉ်။



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ လွှတ်တင်နိုင်မှုကို တွေ့ရစဉ်။



စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ လွှတ်တင်နိုင်မှုကို တွေ့ရစဉ်။

*စာမျက်နှာ ၄ မှ*

ဥက္ကဋ္ဌနှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့်အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော် အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်လျက်ရှိပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ကြယ်ပေါင်းစုံ ဖော်တစ်သင်းနှင့် လမင်းကြီးထိန်ထိန်သာ

☆ ကမ္ဘာကျော် မာရဝိဇယ
မြတ်ဗုဒ္ဓ ရုပ်ပွားတော်။
တန်ဆောင်တိုင် သဘင်ခင်းလို့
ကျင်းပပူဇော်။
ရုပ်ပွားမြတ် ဖူးမြော်
ဦးတော်ခိုက် ဝပ်တွား။
နိုင်ငံတစ်ဝန်းဆီက
လူရှင်ရဟန်း လာသမျှအဆွေတို့
သာသနာ့မြေ လှည့်လည်သွားတယ်
များပြားစည်ကား။

☆ ဆီမီးကိုးထောင် ပူဇော်ရင်း
ဝတ်အသင်း သံပြိုင်ညီ
ကုသိုလ်ပြုပြီ။
ကောင်းမှုများ အစီအရီ
အလီလီ ဆုမွန်တောင်း။
အမျှဝေ မေတ္တာဖျန်းတယ်
လန်းဆန်းစေကြောင်း။

☆ ရင်ပြင်ပေါ် နေရာမလပ်
ခြေရာထပ် ပွဲတော်တစ်ခွင်
ကြိတ်ကြိတ်တိုးပင်။
တစ်ခဲနက်ပါပဲ
ဖွဲ့ထက်တဲ့ လက်စွမ်းယှဉ်
ရက်ကန်းစင် စီတန်း။
အမျိုးဆွေသဟာတို့
မသိုးရွှေကြာ မြတ်သင်္ကန်းကို
လှူဒါန်းဖို့မှန်း။

☆ မီးပုံးပျံ လွှတ်တင်ကြ
ကြည့်မြင်ရ ရှုမဝနိုင်
အားပေးကြမြိုင်။
မီးပုံးချင်း ပြိုင်ဆိုင်
အနိုင်ယူဖို့ အားခဲ။
တကြော်ကြော် ကြွေးသံပေးလို့
ဟစ်ကြွေးသံမစဲ။

☆ လူငယ်လူရွယ် ကလေးများ
ကစားတဲ့ ကွင်းပြင်မှာ။
ကစားစရာ အမျိုးမျိုးမို့
တိုးမပေါက်ပါ။
ပွဲဈေးတန်း သွားလို့သာ
စားဖို့ရာ ဝယ်ဦးမလား။
အဆာပြေ ကိုယ့်အကြိုက်
နှစ်ခြိုက်ရာစား။

☆ မီးရောင်စုံ ထိန်ထိန်လင်းတဲ့
ပွဲခင်းက ဗေထိဆော်
ပွဲကြည့်ဖို့ခေါ်။
ပွဲကြည့်စို့ ရွှင်ပျော်ပျော်
စင်တော်သို့ အရောက်သွား။
အဆိုတော်တွေ ဖျော်ဖြေပေးတဲ့
တေးသံခံစား။

☆ နေပြည်တော် တန်ဆောင်ပွဲ
မြိမ့်မြိမ့်သဲ ဆင်နွှဲချိန်။
တန်ဆောင်တိုင် ရောင်စုံရှန်း
ထွန်းလင်းလို့ထိန်။
မိုးလေက ငြိမ်
တိမ်စင်လို့ မြူကင်း။
ကြယ်ပေါင်းစုံ ဖော်တစ်သင်းရယ်နှင့်
ထိန်ထိန်သာ ဖိုးလမင်း
တောက်ပလို့ဝင်း။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# ၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်း ဝန်ကြီးဌာန ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ရွှေရည်လင်းဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတ အမှူးပြုသည့် ပင့်သံဃာတော် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ညှိ့ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်းဖြစ်သော အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် အခမ်းအနား တက်ရောက်လာကြသည့် ညှိ့ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက် ဆရာတော်ထံမှ ကထိန်အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာ ပူးပေါင်းဆောင်ရွက်မှုသီတင်းပတ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နန့်နင်း နိုဝင်ဘာ ၃**

China Media Group(CMG) နှင့် ကွမ်ရှီးကျွမ့်လူမျိုးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက် မီဒီယာပူးပေါင်းဆောင်ရွက်မှု သီတင်းပတ် (2025 ASEAN Partners Media Cooperation Week) ဖွင့်ပွဲကို ယနေ့တွင် တရုတ်နိုင်ငံ နန့်နင်းမြို့ ဝူရှန်းညှိ့ဂေဟာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အဖွဲ့ တက်ရောက်ကြသည်။

ဦးစွာ ကွမ်ရှီးကျွမ့်လူမျိုးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဆိုင်ရာတာဝန်ရှိသူနှင့် China Media Group ဒုတိယဥက္ကဋ္ဌ မစ္စတာဖန့်ယွင်က တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်အဖွဲ့အကြီးအကဲများအား တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် CPC Gunagxi Committee ပြည်သူ့ရေးရာဌာနဝန်ကြီး H.E Chen Yijun၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ H.E KemGuanwadh၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ထိုင်းနိုင်ငံ Media Deve–lopment Foundation မှ CEO Dhanakron Srisooksai တို့က အမှာစကားပြောကြားကြသည်။



ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် ယခုပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲသီတင်းပတ်၏ ဦးတည်ချက်မှာ "Openness,Culture, Shared Home" ဖြစ်၍ အဓိပ္ပာယ်များစွာရှိကြောင်း၊ မိမိတို့အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား ပွင့်လင်းမြင်သာမှု၊ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ခြင်း၊ မီဒီယာကဏ္ဍ အပြန်အလှန်မြှင့်တင်ခြင်းများဖြင့် အချင်းချင်း ပေါင်းသင်းဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသ၏စွမ်းအားကို မြှင့်တင်စေမည်ဖြစ်ကြောင်း၊ အချင်းချင်း မိသားစုသဖွယ် တစ်မိုးတည်းအောက်၊ အိမ်တစ်အိမ်တည်းတွင် စိတ်တူညီမျှ ညီညွတ်စွာ ပူးပေါင်းနေထိုင်ကြမှသာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုကောင်းများဖြင့် နယ်နိမိတ်များကို ကျော်လွှားပြီး တစုတစည်းတည်းဖြစ်သည့် အသိုက်အဝန်းကို တည်ထောင်နိုင်ရေး မိမိတို့ မီဒီယာကဏ္ဍမှ နိုင်ငံအသီးသီးက ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာ ပူးပေါင်းဆောင်ရွက်မှုသီတင်းပတ် ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့ကြပြီး မှတ်တမ်းတင် Video Clip ကိုပြသခဲ့ကာ အာဆီယံမီဒီယာလုပ်ဖော်ကိုင်ဖက်များက "China Up Close" ပူးတွဲမီဒီယာခရီးစဉ်စတင်ခြင်း၊ ဉာဏ်ရည်တုဖြင့် အဆင့်မြှင့်တင်ထားသော နန့်နင်းမြို့၏ ပုံရိပ်မြှင့်တင်ရေး စီမံကိန်းစတင်ခြင်း၊ Micro–Dremas မှတစ်ဆင့် ကွမ်ရှီးနှင့်ထိုင်းနိုင်ငံသို့ ခရီးသွားခြင်းယဉ်ကျေးမှုခရီးသွားလုပ်ငန်း စတင်ခြင်းနှင့် တရုတ်မီဒီယာအဖွဲ့အစည်း၏ မူပိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း အခမ်းအနားတို့ကို ကျင်းပသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာသော ပြန်ကြားရေးဆိုင်ရာအကြီးအကဲများသည် တရုတ်နိုင်ငံမီဒီယာအဖွဲ့ CMG မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မီဒီယာကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ အဖွဲ့များသည် နန့်နင်းမြို့ Guangxi Anthropology Museum သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန၌ အောက်တိုဘာ ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့သည်။



အဆိုပါနားလည်မှုစာချွန်လွှာကို အီဂျစ်လယ်ယာစိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုစတာဖာအယ်လ်ဆာယက်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အီဂျစ်စိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီး မစ္စတာ အလာဖာရော့နှင့် အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင်ရှိန်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် မြန်မာ–အီဂျစ်ဆက်ဆံရေးအတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ၁၉၉၄ ခုနှစ်တွင် မြန်မာနှင့်အီဂျစ်တို့ ပထမဆုံးလက်မှတ်ရေးထိုးခဲ့သော စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ(MoU)၏ ဒုတိယမြောက်လက်မှတ်ရေးထိုးမှုဖြစ်သည်။

နားလည်မှုစာချွန်လွှာတွင် စိုက်ပျိုးရေးနည်းပညာဖလှယ်ရေး၊ စွမ်းရည်မြှင့်တင်ရေး၊ သုတေသနပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကဲ့သို့ နယ်ပယ်များ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လယ်ယာထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ကာ နှစ်နိုင်ငံအကြား ရေရှည်လက်တွဲဆောင်ရွက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အီဂျစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးသွင်းအားစုများ တင်ပို့ရန်နှင့် မြန်မာနိုင်ငံမှ အီဂျစ်သို့ ပဲမျိုးစုံ၊ ဆန်နှင့် ပင်လယ်စာအပါအဝင် အခြားထုတ်ကုန်များ တင်ပို့ရန် ဆွေးနွေးမှုများလည်း ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနနှင့် အီဂျစ်နိုင်ငံ စိုက်ပျိုးရေးဗဟိုသုတေသနဌာနတို့ ပူးပေါင်း၍ ချည်မျှင်အလွန်ရှည်ဝါ၊ အာလူးအပါအဝင် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သင်တန်းသားများစေလွှတ်ရေး၊ စိုက်ပျိုးရေးပညာရှင်များ အပြန်အလှန်စေလွှတ်ရေးနှင့် EICA သင်တန်းများ တက်ရောက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃** ပြည်ထောင်စု ဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး၊ လေကြောင်းလိုင်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံ၌ နှစ်စဉ်ကျင်းပသည့် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများတွင် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာပါအချက်များ အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ အစားအသောက်နှင့် အချက်အပြုတ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာန ထူထောင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံ အမျိုးသား စာကြည့်တိုက်များအကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာအကောင်အထည်ဖော်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒေါ်နုမြဇံနှင့် ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။ **သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ်အရောင်းပြခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော် ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အိမ်တွင်းလက်မှု အနုပညာအရောင်းပြခန်း၊ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာအစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖွင့်လှစ်၍ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ လှေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ စိတ်ဝင်တစားလာရောက်ဝယ်ယူကြသည့် ပြည်သူများအား သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ဒေသထွက် အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များအကြောင်းကို ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ယနေ့ဈေးရောင်းပွဲတော်တွင် ပျဉ်းမနားမြို့ ဒေသထွက်ကုန်များအရောင်းပြခန်း၊ ကောင်းရွှေစည် မြန်မာ့တွင်းထွက်စစ်စစ် ကျောက်မျက်အရိုင်း/ အချောနှင့် လက်ဝတ်ရတနာ ရောင်းဝယ်ရေးဆိုင်၊ NYI NYI ရခိုင်မုန့်တီနှင့် စားဖွယ်စုံအရောင်းဆိုင်၊ ဗမာမိတ် အင်းလေးချည်နှင့် ရိုးရာဝတ်စုံအရောင်းဆိုင်၊ မောခမ်းနွံစားဖွယ်စုံအရောင်းဆိုင်၊ San Thiri မိသားစု အအေးမျိုးစုံနှင့် စားဖွယ်စုံအရောင်းဆိုင်နှင့် ဈေးသည်ကြီး မြန်မာမုန့်မျိုးစုံအရောင်းဆိုင်တို့တွင် တန်ဆောင်တိုင်ပွဲတော်ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများက လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို စိတ်ကြိုက်ဝယ်ယူကြောင်း သိရသည်။

ထို့အတူ ပွဲတော်လာဘုရားဖူးပြည်သူများအား မြန်မာ့ဇာတ်သဘင်အနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် အခမဲ့အဖြစ် နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ်ဇာတ်ပွဲသဘင်ကို ဖျော်ဖြေရေးအစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး အနုသုခုမသဘင်ပညာသည် ရုပ်ရှင်ကဲ့သို့မဟုတ်ဘဲ ပွဲကြည့်ပရိသတ်ကို တိုက်ရိုက်တင်ဆက်သရုပ်ဆောင် ကပြကြရသည့်အတွက် ဖိုးချစ်ဇာတ်ပွဲသဘင်၏ ပထမည ဖျော်ဖြေတင်ဆက်မှုများကို သဘင်ချစ်မြတ်နိုးသူများက ဂုဏ်ယူဖွယ် တွေ့မြင်ခံစားခဲ့ရသည်မှာ ဖရဏာပီတိ ဂွမ်းဆီထိသည့်ပမာ ဖြစ်ခဲ့ရသည်။

ယနေ့ဒုတိယည ဖျော်ဖြေတင်ဆက်မှုတွင်လည်း ဇာတ်မင်းသားဖိုးချစ် ဇာတ်ပွဲသဘင်က ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများနှင့် တွဲဖက်၍ သဘင်ပညာရှင်များ၏ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆို၊ ကကြိုး၊ ကကွက်များ၊ ချစ်ကြည်စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ မြို့ရွှေမန်းသားဖိုးချစ်အကအဖွဲ့က “ဗိုလ်အောင်ဒင်” ဟာသကပွဲ၊ အဆို၊ အငို၊ အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် “နှစ်ပါးစုံမှရွှာသည့်မိုး” အော်ပရာနှင့် “တစ်လောကလုံးမှ တစ်ယောက်ထဲချစ်မယ်” ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသားဖိုးချစ်၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် “အကခုနစ်ဖြာ အနုပညာ” နှစ်ပါးသွားအစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဌာန်ကရိုဏ်းကျကျ၊ စည်းဝါးကျကျ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုများကို အနုသုခုမသဘင်အား ချစ်မြတ်နိုး၍ စိတ်ဝင်တစားလာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တန်ဆောင်တိုင်ပွဲတော်ကို ပါဝင်ဆင်နွှဲ၍ စိတ်အပန်းဖြေစေရန် အခမဲ့ခေတ်ပေါ်တေးဂီတ စတိတ်ရှိုးဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဝနှ၊ J Fire၊ ဖော်ဝေး၊ ဂျိုးလေး၊ ကော်နီ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်၊ နန်းဆုရတီစိုးနှင့် တေးသံရှင်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေ သီဆိုပေးကြရာ ပျော်ရွှင်စွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

အလားတူ ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟာတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို နိုဝင်ဘာ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ဟိန်းမင်းကျော်**

**ဓာတ်ပုံ-ဖိုးပြည့်စုံ၊ သီဟ**





# (၅၅) ကြိမ်မြောက် တပ်ကုန်းမြို့လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် မြန်မာ့ရိုးရာ လှည်းယဉ်ကြော့ပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲ ဆုများချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာမဟာဘုံကထိန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လှည်းယဉ်ကြော့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသော လူမှုအဖွဲ့အစည်းဖော်ဆောင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာ လှည်းယဉ်ကြော့နှင့် နွားအလှပြိုင်ပွဲ နောက်ဆုံးနေ့ ဗိုလ်လုပွဲစဉ်ကို ကျင်းပရာ သပြေချောင်းလှည်းယဉ်ကြော့က ပထမ၊ ရွှေဆည်သား လှည်းယဉ်ကြော့က ဒုတိယ၊ ညောင်ငါးပင် (ဥသျှစ်ကုန်း) လှည်းယဉ်ကြော့က တတိယနှင့် ကျားညီနောင်-၂ လှည်းယဉ်ကြော့က အထူးဆုရရှိကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အထူးဆုရရှိသည့် ကျားညီနောင်-၂ လှည်းယဉ်ကို နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆု ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တတိယဆုရရှိသည့် ညောင်ငါးပင် (ဥသျှစ်ကုန်း) လှည်းယဉ်ကို နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆု ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရွှေဆည်သား လှည်းယဉ်ကို နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆု ငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း၊ ပထမဆုရရှိသည့် သပြေချောင်းလှည်းယဉ်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆုငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ယာပုံ)** ကျန်ပြိုင်ပွဲဝင်လှည်းယဉ်များကိုနေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးဗိုလ်ဝင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေကျပ် ၅ သိန်းစီ ချီးမြှင့်သည်။



မြန်မာ့ရိုးရာ လှည်းယဉ်ကြော့နှင့် နွားအလှပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လှည်းယဉ် ၂၈ စီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာ လှည်းယဉ်ကြော့ပြိုင်ပွဲကို ၂၀၂၄ ခုနှစ်၌ ကျင်းပသည့် (၅၄) ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံး ဆိုင်ရာ မဟာဘုံကထိန်ပွဲတော်တွင် စ၍ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဒုတိယအကြိမ် ထည့်သွင်းကျင်းပခြင်း ဖြစ်သည်။ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ကို ပုဂံခေတ်ကတည်းက စတင်အသုံးပြုလာခဲ့ကာ အလှူမင်္ဂလာပွဲများ၊ မင်းခမ်းမင်းနားနှင့် လယ်ထွန်မင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားအဖွဲ့အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်း၌ ရန်ကုန်မြို့ရှိ ဒဂုံမြို့သစ်မြောက်ပိုင်း မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားအဖွဲ့အား ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ယခင်နှစ်ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်အောင် ပိုမိုကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ အောင်မြင်မှုများရရှိအောင် ယခုကတည်းက မိမိတို့၏ အားနည်းချက် အားသာချက်များနှင့် ပြိုင်ဘက်အားကစားသမားများ၏ အခြေအနေကို လေ့လာသုံးသပ်၍ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ယူဆောင်သွားမည့် ပြိုင်ပွဲသုံးအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အဖွဲ့ချုပ်ရှိ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ပြိုင်ပွဲ သို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မသန်စွမ်းဘော်လီဘော၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ်၊ ဘိုစီယာ၊ မျက်မမြင်စစ်တုရင်၊ ဂိုးလ်ဘော (မျက်မမြင်)၊ ဘိုးလင်း၊ တိုက်ကွမ်ဒိုအားကစားနည်းများအလိုက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများ၊ အားကစားနည်းများအလိုက် ယခင်ပြိုင်ပွဲများ၏ ရွှေစံချိန်/ စံနှုန်းများထက် ပိုမိုသာလွန်ကောင်းမွန်နေမှုအခြေအနေများ၊ ကျန်းမာရေးစစ်ဆေးမှုများ၊ စားသောက်နေထိုင်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲဝင်ဝတ်စုံ/ အထောက်အကူပြုပစ္စည်း ထောက်ပံ့မှုများနှင့် ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ဆောင်သောအားဖြင့် တန်ဆောင်မုန်းလပြည့်အခါသမယနေ့ထူးနေ့မြတ်၌ မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်ရေးအတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တန်ဆောင်မုန်းလဆန်း ၁၄ရက် ညနေပိုင်းတွင် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၇) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်အောင်မြေ၌ ကျင်းပသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲတွင် သန္တာရတနာစင်တော်၊ ဥဿဖယားရတနာစင်တော်၊ စိန်ရတနာစင်တော်၊ ရွှေရတနာစင်တော်၊ နီလာရတနာစင်တော်၊ မြရတနာစင်တော်၊ ပုလဲရတနာစင်တော်၊ ကျောက်စိမ်းရတနာစင်တော်၊ ပတ္တမြားရတနာစင်တော် စုစုပေါင်း ရက်ကန်းစင်တော် ကိုးစင်၊ ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု ငွေကျပ်သိန်း ၄၀၊ ဒုတိယ ဆုငွေကျပ် ၃၅ သိန်း၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ စတုတ္ထဆုငွေကျပ် ၂၅ သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ် ၁၅ သိန်းစီနှင့် ဂုဏ်ပြုဆုဖလားချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏ (၄၁) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ဗိုလ်တထောင်စေတီတော်ရင်ပြင်တော်ပေါ်ရှိ တိုးချဲ့ဓမ္မာရုံရင်ပြင်၌ ကျင်းပသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏ (၄၁) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀သိန်း၊ တတိယဆုငွေကျပ် ရှစ်သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်လေးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့ညနေပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။



ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ခုနစ်စင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ နှစ်သိမ့်ဆု ငွေကျပ် ငါးသိန်း၊ ဆုဖလားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၅၄
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ Naypyitaw State Academy သို့ သွားရောက်လေ့လာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် တွေ့ဆုံ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ သွားရောက်လေ့လာကြသည်။

### ရှင်းလင်းပြသ

ဦးစွာ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Naypyitaw State Academy သို့ ရောက်ရှိကြရာ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ Naypyitaw State Academy ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်များအလိုက် အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုစနစ်များဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို ထိရောက်စွာသင်ကြားနိုင်ရေး အထောက်အကူပြုပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများနှင့် ခေတ်မီလက်တွေ့ခန်းသုံး ပစ္စည်းများ အသုံးပြု၍ ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများအား စာတွေ့လက်တွေ့သင်ကြားပို့ချနေမှု၊ အခမ်းအနားများနှင့် ဆွေးနွေးဟောပြောပွဲများ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် နိုဗိုစီဗစ်ပညာရေးဝန်ကြီးတို့က နိုဗိုစီဗစ်မြို့သည် ရုရှားနိုင်ငံရှိ သိပ္ပံပညာနှင့် ပညာရေးစင်တာ အကြီးဆုံးမြို့များထဲမှ တစ်ခုအပါအဝင်ဖြစ်မှု၊ နိုဗိုစီဗစ်ဒေသတွင် သိပ္ပံပညာနှင့် အသုံးချသိပ္ပံပညာရပ်များကို လေ့လာသင်ကြားနေသည့် တက္ကသိုလ်ပေါင်း ၅၀ ရှိမှု၊ နိုဗိုစီဗစ်ဒေသရှိ အကြီးဆုံးတက္ကသိုလ်တစ်ခုဖြစ်သည့် နိုဗိုစီဗစ်တက္ကသိုလ်တွင် နယ်ပယ်အသီးသီး၌ အလုပ်လုပ်ကိုင်နေသည့် ကျွမ်းကျင်သူများ၊ စီးပွားရေးဆိုင်ရာ နယ်ပယ်များတွင် ဦးစီးဦးဆောင် အလုပ်လုပ်ကိုင်နိုင်သည့် ပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိမှု၊ တေးဂီတအနုပညာဆိုင်ရာ ကျွမ်းကျင်သူများအား မွေးထုတ်ပေးသည့် နိုဗိုစီဗစ်အနုပညာတက္ကသိုလ်တစ်ခုတည်ရှိမှု၊ နိုင်ငံခြားသားကျောင်းသားများအား ပညာသင်ကြားနေသည့် အတွေ့အကြုံများရှိရုံသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင်လည်း ပုံစံအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အတွေ့အကြုံများစွာကိုလည်း သင်ကြားပေးလျက်ရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပြီးတွင် သိလိုသည်များကို အပြန်အလှန် ဆွေးနွေးဖြေကြားကြပြီး Naypyitaw State Academy အတွင်းရှိ စာကြည့်တိုက်နှင့် ဓာတုဗေဒလက်တွေ့ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် နှင့် Naypyitaw State Academy ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**





### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာတက္ကသိုလ်များနှင့် နိုဗိုစီဗစ်ဒေသရှိ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်နိုင်ခြေလေ့လာရေးအတွက် နိုဗိုစီဗစ်ဒေသရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများအား မြန်မာနိုင်ငံသို့စေလွှတ်ရေး၊ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အေအိုင်နှင့် MSME ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ကျောင်းသား ကျောင်းသူများ အပြန်အလှန်လည်ပတ်ရေး၊ ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့ကို နိုဗိုစီဗစ်ဒေသသို့ လေ့လာရေးခရီးစေလွှတ်ရေး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် အနာဂတ်တွင် နှစ်နိုင်ငံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

### ဂုဏ်ပြုညစာဖြင့် တည်ခင်း

ညပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(အပေါ်ပုံ)** နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း

**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၇ အရ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ ဘောလ်ပင်ဖြင့် အမှန်(✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှန် (✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေး ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ

























**မှတ်ချက်။** အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

နိုင်လုံမဲနမူနာပုံစံ - ၉

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

နိုင်လုံမဲနမူနာပုံစံ - ၁၀

အမှန်ခြစ်ကို ဇောက်ထိုးခြစ်ထားသော မဲလက်မှတ်


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

နိုင်လုံမဲနမူနာပုံစံ - ၁၁

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

နိုင်လုံမဲနမူနာပုံစံ - ၁၂

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်



နိုင်လုံမဲနမူနာပုံစံ - ၁၃

နိုင်လုံမဲ နမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်(သို့မဟုတ်)ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ပါရှိသော မဲလက်မှတ်

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

ပယ်မဲနမူနာပုံစံ - ၁

ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

ပယ်မဲနမူနာပုံစံ - ၂

လုံးဝ ဆန္ဒပြုမထားသော မဲလက်မှတ်


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊_________

အမည် ၊_____________

ပယ်မဲနမူနာပုံစံ - ၃

အစွန်းအထင်းပါသော မဲလက်မှတ်

**မှတ်ချက်။** အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၂ သို့

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဓာတ်အားဖြန့်ဖြူးထားမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ မြို့နယ်ရုံး အကြီးစားပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (၃၃/၁၁)ကေဗွီ ဗိုလ်ဗထူးအိမ်ရာဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါ အလိုက် ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် မီတာဖတ်မှတ်တမ်းကတ်များ ဖြည့်သွင်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေပေါက်ကံမြို့ လျှပ်စစ်မန်နေဂျာရုံး၌ ဓာတ်အား ပျောက်ဆုံးမှု၊ ဓာတ်အားခကြွေးကျန်နှင့် မီတာဖတ်ရှုပြီးစီးမှုကိုလည်း ကောင်း၊ (၃၃/၁၁) ကေဗွီ ကုန်းဘောင်ဓာတ်အားခွဲရုံနှင့် ၆၆/၃၃-၁၁ ကေဗွီ မော်ကွန်းဓာတ်အားခွဲရုံ၌ လာမည့်နွေရာသီတွင် မြောက်ဥက္ကလာပ မြို့နယ်နှင့် ရွှေပေါက်ကံမြို့များသို့ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရန် လှော်ကား ပင်မဓာတ်အားခွဲရုံမှ (၆၆) ကေဗွီစနစ်ဖြင့် ဓာတ်အားပေးထားမှုကို စစ်ဆေးပြီး မော်ကွန်းဓာတ်အားခွဲရုံမှ (၃၃)ကေဗွီ ဓာတ်အားလိုင်းသစ်ဖြင့် မြောက်ဥက္ကလာပမြို့နယ်သို့ ဓာတ်အားပို့လွှတ်ထားမှုကို စစ်ဆေးသည်။


ဆက်လက်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် (၃၃/၁၁) ကေဗွီ မြို့ရုံးဓာတ်အားခွဲရုံ၌ လုပ်ငန်းဆောင်ရွက်နေမှု၊ ဓာတ်အား ပျောက်ဆုံး





မှု ကျဆင်းရေးဆောင်ရွက်မှုနှင့် ဓာတ်အားဖြန့်ဖြူးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)

စာမျက်နှာ ၁၁ မှ

















ပယ်မဲနမူနာပုံစံ - ၁၀
မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်ပရှင်(သို့မဟုတ်)ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ်
(မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်ထုရခြင်း ဖြစ်သည်)

**မှတ်ချက်။** အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ် လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်း မပြုပါနှင့်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲကို ယနေ့တွင် ဒုတိယနေ့အဖြစ် သတ်မှတ်နေရာများအလိုက် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**



ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌ ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကြပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးသို့ ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ရဟန်းသံဃာတော်များ၊ ဘုရားဖူးပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။

**လမ်းညွှန်ပြသပေး**

ထိုသို့ ဘုရားဖူးလာကြသူများ အနက်မှ သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များ၊ ဗီးချဲလ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာပွဲတော်အတွင်းကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲ ကျင်းပမည့် နေရာများ၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်မည့်နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေး အစီအစဉ်နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် တာဝန်ရှိသူများက လမ်းညွှန်ပြသပေးကြသည်။

**ဆီမီးကပ်လှူဖူးမြော်**

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး၉၀၀၀ကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့တွင် ကုသိုလ်ယူ ပါဝင်ဆင်နွှဲကြရာ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွှမ်းလျက်ရှိသည်။

တတိယ အကြိမ်မြောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က “တော်ဝင်ရွှေပြည်”၊ ကချင်ပြည်နယ်က “မနောမြေ”၊ ကယားပြည်နယ်က “ကန္တရဝတီ”၊ ကရင်ပြည်နယ်က “ဇွဲကပင်”၊ ချင်းပြည်နယ်က “တောင်ဇလပ်”၊ စစ်ကိုင်းတိုင်းဒေသကြီးက “ရွှေဧယျာ”၊ တနင်္သာရီ တိုင်းဒေသကြီးက “ရွှေဝယ်သီရိ”၊ ပဲခူးတိုင်းဒေသကြီးက “ရှင်စောပု”၊ မကွေးတိုင်းဒေသကြီးက “တော်ဝင်ရတနာ”၊ မန္တလေးတိုင်းဒေသကြီးက “အမရရွှေပြည်”၊ မွန်ပြည်နယ်က “ရာမည”၊ ရခိုင်ပြည်နယ်က “လေးရပ်ဝတီ”၊ ရန်ကုန်တိုင်းဒေသကြီးက “တော်ဝင်ဒဂုံ”၊ ရှမ်းပြည်နယ်က “သုဇာတာ” နှင့် ဧရာဝတီ တိုင်းဒေသကြီးက “ရွှေပြည်ဧရာ” စသည့် ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာအသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင်စတင် ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲ မစတင်မီနှင့် စတင်ချိန်တွင် နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် ဖော်ဝေး၊ ဖိုးသောကြာ၊ J Fire၊ ဆုထက်လှိုင်၊ ရဲထိုက်တို့က တေးသီချင်းများဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြား၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး၊ ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် အနုပညာရှင်များက တန်ဆောင်တိုင်ပွဲတော်ကိုဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် တွဲဖက်၍ ယိမ်းအကအလှများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲ စတင်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်နှင့် လွှတ်တင်ပူဇော်ချိန်တွင် သက်ဆိုင်ရာ ပြိုင်ပွဲဝင်အသင်းမှ တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများ၊ ယိမ်းအကအလှများနှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ကြည်နူးပျော်ရွှင်စွာ သီဆိုကပြ ဖျော်ဖြေကြရာ ဘုရားဖူးလာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက “ရင်းနှီး/မြှုပ်နှံ ပြည့်အားမာန်”၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက “ဒီပပူဇာ”၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက “ခရီးသွားရောင်စဉ်”၊ နိုင်ငံခြားရေးဝန်ကြီးဌာနက “သားကောင်းတမန် ပြည့်အားမာန်”၊ ကျန်းမာရေးဝန်ကြီးဌာနက “အာရောဂျံ”၊ ပညာရေးဝန်ကြီးဌာနက“သုခမိန်” နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက “ပြည့်ဂုဏ်ဆောင်” စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော် ပြိုင်ပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနက “သာယာရွှေပြည်”၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက “ပြည်လုံးချမ်းသာ”၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက “တိုးတက်မောင်”၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက “ဖွံ့ဖြိုးကုန်သွယ်နိုင်ငံကြွယ်”၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနက “ပန်းခင်းဝေဖြာ ပြည်သာယာ”၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက “သီးနှံပန်းတိုင် ပြည့်မဏ္ဍိုင် မွေးမြူစိုက်ပျိုး ရိက္ခာတိုး” နှင့် စက်မှုဝန်ကြီးဌာနက “စက်မှုအားမာန်” စသည့်မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာလွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကိုပြိုင်တူလွှတ်တင်ခဲ့ကြသည်။

ပြိုင်ပွဲအသင်းများက ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက်၊ အလှညမီးကြီးများ၊ စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့အောင်မြင်စွာ လွှတ်တင်ပူဇော်ချိန်တွင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မိုးယံထက်၌ ရောင်စုံအလှ မီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်ပြီး ရောင်စုံလွှမ်း၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောင်စုံမီးအလင်းတန်းများဖြင့် ညွှတ်တွားပူဇော်နေကြသည့်မြင်ကွင်းမှာ နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာပြည်သူများ၏ စိတ်တွင်လည်း ကြည်နူးပီတိဖြစ်စွာ တွေ့မြင်ခံစားရသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဖိသုကာလက်ရာများ၊ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂမိပတိ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများတွင် မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ် ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

**ကုသိုလ်ယူပါဝင်နိုင်**

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို နိုဝင်ဘာ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အပြင် နံနက်ပိုင်းတွင်လည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းကို တတိယအကြိမ်မြောက်အဖြစ် ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားများကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်လပြည့်ည၏ ရသကို အပြည့်အဝခံစားရင်း ကုသိုလ်ယူပါဝင်နိုင်ကြောင်း သိရသည်။

**ဟိန်းမင်းကျော်**

**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**



## အိုပက်ပလပ်စ်က ဒီဇင်ဘာလတွင် ရေနံစိမ်းထုတ်လုပ်မှုများကို ထပ်မံတိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်နေ

**ရီယာ့ဒ် နိုဝင်ဘာ ၃**




အိုပက်ပလပ်စ်အဖွဲ့ဝင် ရှစ်နိုင်ငံသည် လာမည့်ဒီဇင်ဘာလတွင် ရေနံစိမ်း ထုတ်လုပ်မှုများကို ထပ်မံတိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ဆော်ဒီအာရေဗျ၊ ရုရှားနှင့် အခြား ခြောက်နိုင်ငံတို့သည် နိုဝင်ဘာ ၂ ရက်က အွန်လိုင်း အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြကြောင်းသိရသည်။ အဆိုပါ ရှစ်နိုင်ငံသည် အောက်တိုဘာလနှင့် နိုဝင်ဘာလကဲ့သို့ပင် ဒီဇင်ဘာလတွင်လည်း တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၁၃၇၀၀၀ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် အဆိုပါနိုင်ငံများသည် လာမည့်နှစ် ဇန်နဝါရီလမှ မတ်လအထိ ရေနံတိုးမြှင့်ထုတ်လုပ်မှုကို ရပ်နားသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာထားပြီး ထိုကဲ့သို့ ရပ်နားရခြင်းမှာ ရေနံစိမ်းဝယ်လိုအား ကျဆင်းသွားသည့်တိုင် ရေနံစိမ်းဈေးနှုန်းများ မကျဆင်းစေရန် ရည်ရွယ်ထားပုံရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ရှစ်ဦးထက်မနည်းသေဆုံး၊ ၂၀၀ ခန့် ဒဏ်ရာရရှိ

**ကဘူးလ် နိုဝင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း၌ နိုဝင်ဘာ ၃ ရက်အစောပိုင်းက ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်မှုဖြစ်ပွားသဖြင့် ရှစ်ဦးထက်မနည်းသေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိကြောင်း အာဖဂန်အစိုးရအာဏာပိုင်များက ဒေသတွင်းမီဒီယာသို့ ပြောကြားသည်။

ပြည်နယ်၏ မြို့တော် အိုင်ဘက်ခ်၌ငလျင်လှုပ်မှုကြောင့် တစ်ဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိကြောင်း၊ ဆာမန်ဂန်၏ ဟာဇ်ရက်ဆူလ်တန်ခရိုင်၌ တစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း၊ အနီးအနားရှိ ဘော့ခ်ပြည်နယ်၌ ခြောက်ဦးသေဆုံးပြီး ခူမ်းခရိုင်၌ ၇၀ ကျော် ဒဏ်ရာရရှိကြောင်း ဆာမန်ဂန်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဌာန၏ အကြီးအကဲဖြစ်သူ ကာရီ လူတ်ဖူလာ ဟာဘီဘီက ပြောကြားသည်။



ကယ်ဆယ်ရေးအဖွဲ့များက ငလျင်လှုပ်ခတ်မှု ဖြစ်ပွားသောဝေးလံသည့်ဒေသများ၌ ပျက်စီးမှုများကို စုံစမ်းနေဆဲဖြစ်ပြီး ငလျင်ကြောင့် ထိခိုက်သေဆုံးမှုနှင့် ပျောက်ဆုံးသူ အရေအတွက်မှာ တိုးလာနိုင်ကြောင်း အာဖဂန်အစိုးရက ပြောကြားသည်။

အာဖဂန်နစ္စတန် နိုင်ငံ၌ ငလျင်ဒဏ်သင့် ဒေသများသို့ ဆေးဘက်ဆိုင်ရာနှင့် အရေးပေါ်အဖွဲ့များကို စေလွှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ဆိုးရွားသော လေထုညစ်ညမ်းမှုများဖြစ်ပေါ်

**နယူးဒေလီ နိုဝင်ဘာ ၃**



နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ နေရာအများအပြား၌ ဆိုးရွားသော လေထု ညစ်ညမ်းမှု အဆင့်နှင့် ရင်ဆိုင်ခဲ့ရသည်။ လေထုအညွှန်းကိန်းသည် အမှတ် ၄၀၀ ကို ကျော်လွန်ခဲ့ပြီး မြို့တော်တစ်ဝန်းလုံး ထူထပ်သော မီးခိုးများဖြင့် လွှမ်းခြုံလျက်ရှိကြောင်း သိရသည်။

ဒေလီ၌ နေထိုင်သည့် ပြည်သူများသည် လေသန့်စင်စက်များ အသုံးပြုသင့်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရသူများ တစ်နေ့တခြား များလာကြောင်း ဆရာဝန်များက ပြောသည်။

အာနန်ဗီဟာ၊ ချန်နီချော့ခ်၊ နေရှုးနာဂါ၊ အာရ်ကေပူရမ်၊ ရိုဟီနီ တို့အပါအဝင် ဒေသအများအပြား၌ လေထုအညွှန်းကိန်း အမှတ် ၄၀၀ ကို ကျော်လွန်လျက်ရှိပြီး လေထုအရည်အသွေး ဆိုးရွားလျက်ရှိကြောင်း သိရသည်။

အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများ ခံစားနေရသူများသည် လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ဒေလီမှ ထွက်ခွာသင့်ကြောင်း အဆုတ်ဆရာဝန်ကြီး ဂိုပီ ချန်ခီလ်နာနီ၏ ပြောကြားချက်ကို ကိုးကားပြီး အိန္ဒိယန်း အိက်စ်ပရက်စ်က အွန်လိုင်းပေါ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်က ဒေလီအစိုးရသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် ဆောင်ရွက်ချက်များကို တားမြစ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း ယာဉ်တင်သွင်းမှု ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိလာ

**ကိုလံဘို နိုဝင်ဘာ ၃**

သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ယာဉ်များကို တင်သွင်းခဲ့ကြောင်း နိုဝင်ဘာ ၃ ရက်က နိုင်ငံပိုင်မီဒီယာ၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

နိုင်ငံပိုင် Daily News ၏ ဖော်ပြချက်အရ ယာဉ်တင်သွင်းမှုများမှာ စက်တင်ဘာလတစ်လတည်းတွင် အမေရိကန်ဒေါ်လာ ၂၈၆ သန်း ရှိကြောင်း၊ ယာဉ်တင်သွင်းမှု မြင့်တက်လာခြင်းက စက်တင်ဘာလတွင် ကုန်သွယ်မှုစာရင်းလိုငွေပြမှု ပိုမိုများပြားလာကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ချမှတ်ခဲ့သော တင်းကျပ်သည့် ကန့်သတ်ချက်များအပြီး ယခုနှစ်တွင် ကိုယ်ပိုင်အသုံးပြုရန်နှင့် စီးပွားရေးလုပ်ငန်းတွင် အသုံးပြုရန် ယာဉ်တင်သွင်းမှုများကို ပြန်လည်စတင်ခဲ့သည်။

**ဆင်ဟွာ**



## ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်ရှိ

**ဟန္နိုင်း နိုဝင်ဘာ ၃**

ယခုနှစ် ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်ရှိကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းပမာဏမှာ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ဒေါ်လာ ၈ ဘီလီယံကျော်နှင့် လာမည့်နှစ်များအတွင်း ဒေါ်လာ ၁၀ ဘီလီယံ ရောက်ရှိရန် အလားအလာရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဒုတိယသုံးလပတ်မှ တတိယသုံးလပတ်အထိ အဓိကထုတ်ကုန်များ၏ ပမာဏနှင့် တန်ဖိုးနှစ်ခုလုံးတွင် တိုးလာခြင်းကြောင့် ပို့ကုန်တင်ပို့မှုများ ပိုမိုတိုးလာကြောင်း အသင်း၏ အထွေထွေအတွင်းရေးမှူး ဒန်ဖုငုယင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ဒူးရင်းလုပ်ငန်း ပြန်လည်ကောင်းမွန်လာသဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှာလည်း သိသိသာသာတိုးလာကြောင်း၊ ယခုနှစ် ဒူးရင်းတင်ပို့မှုတစ်ခုတည်းတွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း ရေဘေးကြောင့် သေဆုံးသူ ၃၇ ဦးအထိရှိလာ

**ဟန္နိုင်း နိုဝင်ဘာ ၃**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးကြောင့် သေဆုံးသူဦးရေ ၃၇ ဦးအထိ မြင့်တက်ခဲ့မှုနှင့်အတူ ငါးဦးပျောက်ဆုံးလျက်ရှိပြီး ၇၈ ဦးဒဏ်ရာရရှိ ခဲ့ကြောင်း ဗီယက်နမ်သဘာဝဘေးနှင့် တာတမံစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၃ ရက်က ဖော်ပြခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သောကြောင့် အိမ်ခြေ ၁၂၆၀၀ ခန့် ရေနစ်မြုပ်ခဲ့သည်။ ထို့အတူ အိမ်ခြေ ၁၀၃ လုံး ရေမျောပါမှုနှင့်အတူ အိမ်ခြေ ၄၅၁ လုံးလည်း ပျက်စီးခဲ့သည်ဟု ဗီယက်နမ်သဘာဝဘေးနှင့် တာတမံစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ကောက်ပဲသီးနှံ ၇၉၀၀ ဟက်တာ ရေနစ်မြုပ်ခဲ့ပြီး ကြွက်၊ နွား စသည့် လယ်ယာတိရစ္ဆာန် ၆၄၀၀၀ ခန့် သေဆုံးခဲ့သည်။ ထို့အတူ ဆည်မြောင်းစနစ်နှင့် မြစ်ကမ်းပါးများလည်း ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၆)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး(၃၆)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီး၌ ကျင်းပသည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မဟာမုနိဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

ယင်းနောက် မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့် ရက်လုပ်လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းနှင့် အဆိုပါ မသိုးမြတ်သင်္ကန်းတော်အား ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၄ ရက်) နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဆန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌတို့က တန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေ ပြည်သူများအား အချိုရည်၊ ရေသန့်နှင့်မုန့်များ ဝေငှကြသည်။

ထို့နောက် နာမည်ကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများက မီးပုံးပျံအလုံး ၁၀၀၀ ကို တပြော်တပါးလွှတ်တင်ကာ မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၀၅) နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်းကွေ့ကွန်ကရစ်တံတားသစ် ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအတွင်း (၁၀၅) နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နန်းကွေ့ချောင်းပေါ်၌ တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး နန်းကွေ့ကျေးရွာနှင့် မော်ဖောင်းကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၃၂၄ ပေရှိ နန်းကွေ့ကွန်ကရစ် တံတားသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်းကွေ့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် လော်ဝေါ်၊ လာချိဒ်၊ လီဆူနှင့် ရဝမ်တိုင်းရင်းသားများ တက်ရောက်ကြကာ လော်ဝေါ်ရိုးရာ အကအလှများ၊ တံတားသစ်ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တံတားသစ်ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ဖွင့်လှစ်သည့် တံတားသစ်သည် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်ခြံမြေများနှင့် လယ်မြေဧက စုစုပေါင်း ၆၂၃ ဧကသို့ သွားရောက်နိုင်မည့် အပြင် ပမ္မတီး-ပြည်ထောင်စုလမ်းနှင့်လည်း ချိတ်ဆက်ပြီးသွားလာနိုင်မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘ၀ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တံတားသစ်ဖွင့်ပွဲအတွက် သိက္ခာတော်ရဆရာဦးဂမ်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ဒေသခံရပ်မိရပ်ဖများက တံတားသစ်ရရှိသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူတို့ထံ ရိုးရာမင်္ဂလာပွန်းရုလစ် (သစ်သီးပလိုင်း)ကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ယင်းနောက် တံတားသစ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားပေါ်မှ ဖြတ်သန်း ကြည့်ရှုကြကာ တိုင်းရင်းသားများ၏ ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် နန်းကွေ့ကျေးရွာအတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အုတ်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် YYY (ဝိုင်သုံးလုံး) အဆင့်မြင့်အုတ်ရောင်းဝယ်ရေးလုပ်ငန်းစက်ရုံကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ ခုတင်-၃၀၀ ၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၄၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗဟိုအကြံပေးအဖွဲ့ဝင်က တပ်မတော်ဆေးရုံအတွက် ချီးမြှင့်ငွေကျပ် သိန်း ၃၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**(၃-၁၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၆-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၁၁-၂၀၂၅) ရက် နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ(အသက် ၆၀နှင့် အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျား

စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အာခါ တိုင်းရင်းသားများဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ်အရှေ့ခြမ်း ဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်စု ဖြစ်ပါတယ်။ မိမိတို့ အာခါ တိုင်းရင်းသားများဟာ ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့ ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မျိုးနွယ်စုတစ်မျိုးဖြစ်ပါတယ်။ မိမိတို့ အာခါ တိုင်းရင်းသားလူမျိုးစု၏ အမျိုးသားရေးကို ဖော်ဆောင်သောအားဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့ ကျရောက်တိုင်း အာခါအမျိုးသားနေ့ကို ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွှေရတုသဘင် အာခါအမျိုးသားနေ့တိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းရွှေရတုအာခါအမျိုးသားနေ့ကို ယခု နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ သဝဏ်လွှာပေးပို့ချီးမြှင့်ပြီး အာခါအမျိုးသားများ၏ အမျိုးသားရေး ဆောင်ရွက်ခဲ့မှုများကို အသိအမှတ် ပြုခဲ့ပါသည်။ မိမိလူမျိုးတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများဖြစ်သည့် ခါးထောင်းဖါးပွဲတော်၊ ဒန်းစီးပွဲတော်၊ ကြက်ဥနီပွဲတော်စသော ရိုးရာဓလေ့ကို အခြေခံသောပွဲတော်များ စဉ်ဆက်မပြတ် ဖော်ထုတ်ကျင်းပပေးခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါတယ်။

ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများကို စုပေါင်း၍ မိမိတို့ အမျိုးဂုဏ်ကို မြှင့်တင်ကြစို့ဟူ၍ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ၊ ပြာ ဝန်းရံနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏ အမှတ်တံဆိပ်မှာ “ဒန်း” ပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်းသို့ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် များစွာမှီတင်းနေပါသည်ဟု သုံးသပ်ပါတယ်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းများကသာလျှင် မိမိတို့ နေထိုင်ရာဒေသအနှံ့အပြားရှိ အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်သည်ဖြစ်၍ လူထု၏လိုအပ်ချက် မြေပြင်အခြေအနေမှန်များကို ထိတွေ့သိရှိနိုင်မည်ဖြစ်ပါတယ်။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင် အာခါအမျိုးသားရေး မိမိတို့ အာခါအမျိုးသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို မိမိတို့ အာခါလူမျိုးများသာလျှင် ပိုမိုထိတွေ့သိရှိနိုင်ပြီး ပံ့ပိုးဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများကသာ ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါတယ်။ အာခါ အမျိုးသားများ၏ ရိုးရာဓလေ့ စာပေ၊ ယဉ်ကျေးမှု အနုပညာစသည်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်အတွက် အာခါလူမျိုးများသာလျှင် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တိုင်းရင်းသားများအရေး** ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုး စုပေါင်းမှီတင်းနေထိုင်ပါတယ်။ တိုင်းရင်းသားများ၏ ကဏ္ဍများတွင် လူမျိုးစုငယ်များ၏ တန်းတူညီမျှရေးအခွင့်အလမ်းများကိုလည်း တိုင်းရင်းသားများ အချင်းချင်းကသာလျှင် ပိုမိုနားလည်ထိတွေ့ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ တပ်မတော် တိုင်းရင်းသားလူမျိုးစုအားလုံး ယုံကြည်မှု၊ နားလည်မှု အပြန်အလှန်တည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

လူမျိုးစုများ၏အမျိုးအမည် နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်မျိုးစီ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည်အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**ပြည်ထောင်စုအရေး** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ တိုင်းရင်းသားလူမျိုးစုရေးရာကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရည်မှန်းပါတယ်။ သို့မှသာ ပါတီစုံဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံစေမှာ ဖြစ်ပါတယ်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကို အခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တပ်မတော်၏ အခန်းကဏ္ဍ** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားများ ငြိမ်းချမ်းရေး ရယူပြီး ထာဝရငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန်အတွက် လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း ခေတ်မီတပ်မတော်တည်ဆောက်ရမည်ဟု ယုံကြည်ပါတယ်။

ယနေ့ လတ်တလောဖြစ်ပေါ်နေသော ပြည်တွင်းအခက်အခဲများကို တပ်မတော်က အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေမှုအပေါ် တပ်မတော်အားတတ်စွမ်းသမျှ ကူညီဆောင်ရွက်မှုများပြုလုပ်ပြီး အချိန်တိုအတွင်း အေးချမ်းမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ လက်ရှိနိုင်ငံတော်၏ အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ရမည်ဟု ယုံကြည်ပါတယ်။

**လုပ်ငန်းစဉ်** အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား ညီနောင်သားချင်း တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သောပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများကို စနစ်တကျအဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ပါမည်ဟု ချမှတ်ထားသကဲ့သို့ ပါတီစတင် ဖွဲ့စည်းစဉ်ကတည်းက ယနေ့ချိန်အထိ အာခါတိုင်းရင်းသားများ၏ နိုင်ငံရေးကဏ္ဍ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို မပြတ်မလပ်ဖော်ဆောင်လျက်ရှိပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများ**နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များ ခင်ဗျား အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် (၂၀၂၅) ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်နှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်ကိုယ်စားလှယ်လောင်း(၁၅)ဦး ပါဝင်အရွေးကောက်ခံသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား အာခါတိုင်းရင်းသားများနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်မဲဆန္ဒရှင်များ “ဒန်း” ပုံကို ထောက်ခံမဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ငြိမ်းချမ်းကြပါစေ။

### ပါတီ၏သီချင်းစာသား

ခေမာရဋ္ဌ ဌာနေ မှ အာခါတိုင်းရင်းသား နှစ်သစ်ကူး

“ရွှေရတု” သဘင်ပွဲတော်

တေးရေး - အောင်လွင်ငြိမ်း တေးဆို - လီဂါ၊ ထက်အောင်၊ အားဒို၊ အားဖြ၊ ဘူးညာ့၊ ဘူးဘာ့

ဒီဇင်ဘာမြူနှင်းတွေကျ.. ချယ်ရီပန်းဖူးပွင့်စ
နံနက်ခင်းမိုးသောက်မှာ..မြူးကြွတဲ့ ဗုံမောင်းတီးသံ
V1- အားမာန်တွေနဲ့ ရှမ်းအရှေ့ ခေမာရဋ္ဌမြေက
အာခါသွေးချင်းတို့
စုပေါင်းနှစ်သစ် ကူးတဲ့ပွဲ
ရွှေရတု
သဘင်ပွဲတော်အမျိုးသားနေ့
ရက်မြတ်ချိန်ခါ...
V2- သမိုင်းအစဉ်အလာ
ဘိုးဘွားအမွေပါ
အာခါယဉ်ကျေးမှုဓလေ့ ရိုးရာ..
ညီညွတ်မှုနဲ့ တို့တတွေ
အမြတ်တနိုး ထိန်းသိမ်းလို့နေ
အသီးတစ်ရာ အညှာတစ်ခု
၁၉၇၅-အစပြု
နှစ်၅၀-သို့တိုင်လာ မော်ကွန်းသစ်တင် ဟိုး
ရွှေရတုသဘင်ပွဲတော်
Cho...
- လာပါ လာပါ ဟေ့ မိတ်ဆွေတို့ရာ
ချယ်ရီမြေမှ ဖိတ်ခေါ်လျက်ပါ..
ရွှေရတုသဘင်-နှစ်သစ်ကူးပွဲကို အရောက်လာခဲ့ပါ
- လာပါ လာပါ ဟေ့ အမျိုးဆွေတို့ရာ အာခါရိုးရာစုံ
အောင်မြင်တွေ့ရမှာ..ရိုးသားတဲ့တောင်ပေါ်သူတို့
အလှ ချစ်စရာ..
- ရောင်စုံမီးများနဲ့ မြူနှင်းကြားက ဆောင်းညမှာ..
အတူကရင်းနွဲပျော်ကြစို့..ရင်ထဲ
အမြဲသတိရ နေမှာပါ...
[အိမ်အပြန် အမှတ်တရ လက်ဆောင်ဝယ်ရင်း..
(အာခါလို နှုတ်ဆက်ကြမယ် "နီဆားအိုလူ" ချမ်းမြေ့ပါစေ)

### “နှစ် (၅၀)ရွှေရတုသဘင် ”

တေးရေး - ဆရာအားချေး တေးဆို - လီဂါ၊ ထက်အောင်၊ အားဒို၊ အားဖြ၊ ဘူးညာ့၊ ဘူးဘာ့

V1: ကောင်းကင်မြေကြီး ဖန်ဆင်းရာဝယ်
ကောက်ပဲသီးနှံ ဖန်ဆင်းလို့ကွယ်
အမျိုးဘာသာ ထွန်းကားစေရေး
ရိုးရာဓလေ့ ထိန်းသိမ်းစို့လေ
V2: စည်းလုံးခြင်းဖြင့် နှစ်သစ်ကူးရင်း
အာခါအမျိုးသားနေ့ အစပြုတယ်လေ
ဘိုးဘွားတို့အား အစဉ်အောက်မေ့ကြ
ဦးဆောင်သူတို့အား လေးစားကြ
CHO: နှစ်ပေါင်းငါးဆယ်ပြည့်မြောက်လေပြီ
ရွှေရတုသဘင်ပြည့်လေပြီ
အာခါအမျိုးသားနေ့အား ဂုဏ်ပြုကြ
အာခါအလံအား အလေးပြုကြ
ကောင်းကင် မြေကြီးတည်နေသရွေ့
နေနှင့် လမင်း တည်ရှိနေသရွေ့
အာခါအမျိုးသားနေ့ကို အောက်မေ့ကြ
အာခါအမျိုးသားနေ့ကို နှလုံးသွင်းကြ
V3: အာခါအမျိုးသား စည်းလုံးမယ်လေ
အာခါအမျိုးသား ညီညွတ်မယ်လေ အမျိုးသားအရေး ဝန်ဆောင်မယ်လေ
အမျိုးသားတာဝန်ထမ်းဆောင်စို့လေ

### “ဆန္ဒမဲပေးကြစို့ ”

တေးရေး - ယာထွန်း(ခ)ယားဝန်း တေးဆို- ယာထွန်း(ခ)ယားဝန်း၊ ဘူးဘာ့

V1: အာခါအမျိုးသားတို့ မဲသွားပေးကြစို့
အာခါအမျိုးသားတို့ ဒန်းပုံ ဒန်းပုံကို မမေ့နဲ့နော်
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံဆင်းပါ
CHO: လူကြီးလူငယ်သွေးစည်း လက်တွဲလို့ရှေ့သို့ချီ
ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နှလုံးသွင်းလို့
အာခါအမျိုးသားတို့ အောင်ပွဲဆင်ရမည်
V2: အာခါအမျိုးသားတို့ သွေးစည်းကြပါစို့
နယ်ခြားမြေခြားနေထိုင်ရသော်လည်း အာခါသွေးချင်းတွေပါ
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံဆင်းပါ
အမျိုးသားတာဝန် ထမ်းဆောင်ကြစို့လေ......

# အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကြည်လွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မင်္ဂလာပါခင်ဗျာ**

မြန်မာပြည်သူ တိုင်းရင်းသားများအားလုံးအချင်းချင်း အပြန်အလှန်နားလည်မှုများနှင့်အတူ စစ်မှန်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကြည်လွင် ဖြစ်ပါတယ်။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီကို ၂၀၂၃ ခုနှစ်၊ မေလ(၁၆) ရက်နေ့မှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ်ကတော့ (၁၅)ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာ ဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာ နေထိုင်ကြတဲ့ ညီအစ်ကိုတိုင်းရင်းသားများကြားမှာ အပြန်အလှန် နားလည်တတ်၊ လေးစားတတ်တဲ့ စိတ်ဓာတ်တွေနဲ့တစ်ဦးချင်း၊ တစ်စုချင်းအလိုက် စိတ်ဓာတ်အရည်အသွေး စွမ်းရည်တွေမြင့်တက်လာစေဖို့ ဖြစ်ပါတယ်။ အဲဒီလိုမြင့်တက်လာတဲ့ စွမ်းရည်တွေ၊ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မည့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ ... အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းတည်ထောင်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာ့နိုင်ငံရေးစင်မြင့်မှာ ကျွန်တော်တို့ အင်းသားလူမျိုးများရဲ့ နိုင်ငံရေးအရ နေရာကလေးတစ်ခု ရရှိနိုင်ရေးပဲဖြစ်ပါတယ်။ သမိုင်းကြောင်းအရကြည့်ရင် ပြည်ထောင်စုတည်ဆောက်ရေးရဲ့ အဓိကအုတ်မြစ်ဖြစ်တဲ့ ပင်လုံစာချုပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်တို့ အင်းသားလူမျိုးခေါင်းဆောင်တွေရဲ့ ဦးဆောင်ပါဝင်မှု အခန်းကဏ္ဍဟာ ထင်ထင်ရှားရှားပဲဖြစ်ခဲ့ပါတယ်။ သို့သော် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုကို ကိုယ်စားပြုတဲ့ပါတီက ကိုယ်စားလှယ်တွေ ရွေးချယ်တင်မြှောက်ခြင်း မခံရသည့်အတွက် ဒီကာလအတွင်းမှာ ကျင်းပတဲ့ ၂၁ ရာစုပင်လုံညီလာခံ (၃)ကြိမ် ကျင်းပခဲ့သော်လည်း ကျွန်တော်တို့ အင်းသားလူမျိုးကိုယ်စားပြုတဲ့ ပါတီအနေနဲ့ရော၊ အင်းသားလူမျိုးစုအနေနဲ့ရော တက်ရောက်ရန်ဖိတ်ကြားခြင်း မခံရတဲ့အတွက် ဒီအရေးကြီးတဲ့ ညီလာခံမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုအနေနဲ့ ပါဝင်ဆွေးနွေးတင်ပြခွင့်ဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အင်းသားလူမျိုးစုတွေအနေနဲ့ ၂၀၂၅ ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ ပါဝင်နိုင်ရေးအတွက် ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေကို ထောက်ခံရွေးချယ်ပေးဖို့ မလွဲမသွေလိုအပ်နေပါပြီ။ လွှတ်တော်ကိုယ်စားလှယ်နေရာများရမှသာလျှင် ကျွန်တော်တို့ အင်းသားလူမျိုးတို့ကလည်း အခြားလူမျိုးများနဲ့အတူ တန်းတူရည်တူအားဖြင့် နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ လူမျိုးအကျိုးများကို ပါဝင်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် အလေးနက်ထားပြီး စဉ်းစားဆုံးဖြတ်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ။

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်များကတော့...

- ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး။
- အင်းသားတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ လူမှုစီးပွားရေးဘဝများ စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးဆောင်ဆောင်ရွက်နိုင်ရန်။
- အင်းလေးကန်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး။
- ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ စည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေးတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ .. အင်းသားများ တစ်စုတစ်ဝေးတည်းနေထိုင်သည့် အင်းလေးကန်တစ်ဝိုက်ကို အခြေတည်ပြီး အတူနေ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာ စတာတွေအားလုံး စုပေါင်းပါဝင်မှာ ဖြစ်သည့်အတွက် အင်းအမျိုးသားအဖွဲ့ချုပ်လို့ အမည်မှည့်တာဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့ အခက်အခဲလိုအပ်ချက် စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်နားလည်သိရှိမှာ ဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာသည့် နည်းလမ်းကို အသုံးပြုဝေဖန်သုံးသပ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်သည့် ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ အင်းသားလူမျိုးဟာ လက်ရှိအခြေအနေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးများနဲ့ လူဦးရေ၊ နေရာအကျယ်အဝန်းများဟာ အတူတူလောက်ပဲဆိုပေမယ့် ကျွန်တော်တို့လူမျိုးကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရခဲ့သည့်အတွက် ဒေသခံများအတွက် ဘတ်ဂျက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အားနည်းခဲ့ရသလို ကလေးများရဲ့ ပညာသင်ကြားရေးဆိုင်ရာမှာလည်း အခွင့်အရေးတွေဆုံးရှုံးခဲ့ရပါတယ်။ ဥပမာအားဖြင့် နယ်စွန်ဒေသပင်ကိုထူးချွန်မှုနဲ့ တက္ကသိုလ်ဝင်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သော်လည်း အမှတ်အနည်းငယ်လိုတာနဲ့ အဆင့်မြင့်တက္ကသိုလ်ကို တက်ခွင့်မရတဲ့ ဆုံးရှုံးမှုတွေရှိပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဆောင်ရွက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့်တိုင်းရင်းသားများ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများခံစားရရှိသင့်သည့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဖော်ဆောင်သွားဖို့ကို အလေးအနက်ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေ ပိုမိုများပြားလာသလို သူတို့ရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန်သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံဖြတ်ကျော် ကျော်လွှားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ချင်ပါတယ်။

အင်းသားတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာ နေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနှင့်အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုပြီးဆိုးရွားလာနေပါတယ်။ အဲဒီဆိုးရွားတဲ့ အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။ ၂၀၂၄ ခုနှစ်ရဲ့ ဆိုးရွားလှသော ရေကြီးနစ်မြုပ်မှု၊ ၂၀၂၅ရဲ့ ငလျင်ဘေးဒဏ်၊ ရေကြီးနစ်မြုပ်မှု ဘေးဒဏ်စတာတွေဟာ ကျွန်တော်တို့ အင်းသားများရဲ့ အင်းလေးကန်နှင့် ဘဝများကို ပေါင်းစုကာကွယ်နိုင်ရေးအတွက် အရေးကြီးတဲ့ သဘာဝရဲ့အချက်ပေးသံတွေအဖြစ် မြင်နိုင်ပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးမြှင့်တင်ရေးကို ဟန်ချက်ညီညီ ဖြစ်ထွန်းစေဖို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့အင်းလေးဒေသ အင်းလေးကန်ရဲ့ ထူးခြားတဲ့ မြေပြင်အနေအထားအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များမရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှ ဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များ ရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve) အဖြစ် အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့ အကျိုးစီးပွား ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးဟာ အဓိကအကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်တဲ့အတွက် ဖြစ်ပါတယ်။

အဲဒီလို အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့် အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတွေကို လျော်ညီသော နည်းလမ်း၊ တွက်ခြေကိုက်သောစနစ်များကို ပြုပြင်ဖော်ဆောင်နိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဒေသခံများအနေဖြင့် တရားဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ မိမိတို့ အင်းလေးကန်ကြီးအတွက် မိမိတို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အား အသိတရားတို့ကို မလွဲမသွေ အပြည့်အဝ ပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက် ယုံကြည်ပါတယ်။

ထို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိသည့်အကူအညီများကို ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာ အသုံးပြုနိုင်ရေး မိမိတို့ပါတီဝင်များအားလုံးက ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်မှုများမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်နိုင်ရေးအတွက် လိုအပ်သောဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ တင်ပြညှိနှိုင်းကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒို့အပြင် အင်းလေးဒေသဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ခရီးသွားဒေသဖြစ်တဲ့အပြင် သဘာဝအခြေအနေအရ ကမ္ဘာကျော်ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအကောင်းဆုံးရဖို့နဲ့ ဒေသခံမိမိတို့တိုင်းရင်းသားများကလည်း ခရီးသွားလုပ်ငန်းကိုအမှီပြုပြီး ဝင်ငွေတိုးတက်လာစေဖို့အတွက် အထူးအလေးပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ.....

ကျွန်တော်တို့အနေဖြင့် ခံစားမည့်သူ လူအများက အရည်အသွေးပြည့်ပြည့် စိတ်ဓာတ်မြင့်မြင့်မားမားနှင့် လူမျိုး၊ ဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင် မယ့်အစီအစဉ်နှင့် လုပ်ငန်းများဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာ အားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာ ယုံကြည်မိပါကြောင်းတင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျာ.....။

ကရဝိက်ကူး လာဝေါက်နောင်း
အဝါအဝိင်းကော် အဲင်းဆားတိုင်း
မဲပေးကြနောင်း
အဝါအဝိင်းနောင်း အဝါအဝိင်း
မြန်မာ
ကရဝိက်ကြီး လာပါပြီ
အဝါရောင်အဝိုင်းကို အင်းသား
တိုင်းမဲပေးကြနော်
အဝါအဝိုင်းနော် အဝါဝိုင်း

**ပါတီ၏သီချင်းစာသား**

**အင်းဆားတို့ရဲ့ အောင်ပွဲဆီသို့**

(တူညီရမယ့်တို့ရဲ့ စိတ်ထားတွေ...
ဝတ်ဆင်ရမယ့် ရိုးရာပင်နီတွေ.... အောင်မြင်ခြင်း ပန်းတိုင်အတွက်
ရှေ့ရှုလို့ကိုယ်စီ ရာကျော် လူစီးတဲ့...လှေပြိုင်ပွဲတွေ...
ရေပြင်လှိုင်းလုံးထက်မှာ လှေ လွှမ်းခြုံထားတဲ့
ဘာသာတရားတွေ... ကပ်လှူကြမယ့်.... ကြာသင်္ကန်းတွေ..
အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ...ညီညာစိတ်ထားနဲ့...
အရင်းခံရင်းလေ..ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ...
နဂါးမောက်လှေကိုစီး....လှေလှော်တဲ့ထုံး နှလုံးမူလို့....
ကြင်နာတဲ့စိတ်ထားနဲ့ ဖြူစင်စွာ ရိုးသားတဲ့....
အင်းဆားများ... နဂါးမောက်လှေကိုစီး...လှေလှော်တဲ့စိတ်
ညွတ်ကိုင်းနိုင်စေ....ဖွဲမလျှော့တဲ့ အားမာန်ရယ်
အလိုက်သင့်တဲ့ပညာရယ်....ညီညာစွာ လှော်ခတ်ကြမယ်....အောင်ပွဲလှေ)
(ဝေးနေနီးနေ...ဒို့အင်းဆားများ..စုပေါင်းညီညာစို့လေ....
လာခဲ့ကြဟေ့...စုလာကြဟေ့
နားလည်စွာ လက်တွဲလို့ ဖော်ဆောင်မယ်...အမျိုးသားရေး....
တူညီဆန္ဒပြုကြမယ်) (တူညီရမယ့် တို့ရဲ့စိတ်ထားတွေ....ဝတ်ဆင်ရမယ့်
ရိုးရာပင်နီတွေ...အောင်မြင်ခြင်းပန်းတိုင်အတွက် ရှေ့ရှုလို့ကိုယ်စီ
ရာကျော်လူစီးတဲ့...လှေပြိုင်ပွဲတွေ...ရေပြင်လှိုင်းလုံးထက်မှာလှေ
လွှမ်းခြုံထားတဲ့ ဘာသာတရားတွေ....ကပ်လှူကြမယ့်...
ကြာသင်္ကန်းတွေ....အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ....
ညီညာစိတ်ထားနဲ့...အရင်းခံရင်းလေ....ဤမြေထက် ပန်းများဝေစေ)
(ဒို့အင်းဆားများ...နဂါးမောက်လှေကိုစီး..လှေလှော်တဲ့ထုံး နှလုံးမူလို့....
ကြင်နာတဲ့စိတ်ထားနဲ့ ဖြူစင်စွာ ရိုးသားတဲ့..... အင်းဆားများ....
နဂါးမောက်လှေကိုစီး...လှေလှော်တဲ့စိတ် ညွတ်ကိုင်းနိုင်စေ...ဖွဲမလျှော့တဲ့
အားမာန်ရယ် အလိုက်သင့်တဲ့ပညာရယ်...
ညီညာစွာ လှော်ခတ်ကြမယ်....အောင်ပွဲလှေ)
(ဝေးနေနီးနေ...ဒို့အင်းဆားများစုပေါင်းညီညာစို့လေ...
လာခဲ့ကြဟေ့...စုလာကြဟေ့
နားလည်စွာ လက်တွဲလို့ ဖော်ဆောင်မယ်...အမျိုးသားရေး...
တူညီဆန္ဒပြုကြမယ်) (ဒို့အင်းဆားတို့ရဲ့.........................အောင်ပွဲဆီသို့)၃

**စည်းလုံးချိန်တန်ပြီ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ**

တော့အမျိုးဆားကိုယ်စားပြုမယ် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့
ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့
ဒီအင်းလေးက ... အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထားတို့အင်းဆား
အင်းဆားအလုပ် တို့အလုပ် အင်းဆားအရေးတို့အရေး တည့်တည့်တွေးကာ
... သွားဖို့ရာ သေသေချာချာ မဲပေးကြစို့
အင်းပါတီကို မဲပေးကြစို့
အင်းလေးဒေသ သဘာဝအင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်းဘေးကင်းဖို့ တို့အမျိုးတွေ ဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့...
ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစေးပါ လက်ရေတပြင်တည်း ဖွဲ့စည်းလိုက်ပြီး အင်းပါတီအများသူငှါ မနှိမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို မဲပေးကြစို့)

တိုးတက်နေတဲ့ ခေတ်ကြီးမှာ ပညာရေးက အဓိကပါပဲ တန်းတူအခွင့်အရေးရဖို့ရာ အင်းဝန်ကြီးမှာ အဓိက အင်းဆားကိုယ်စားပြုမည့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့ တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့ ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့
ဒီအင်းလေးက အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထားတို့အင်းဆား အင်းဆားအလုပ် တို့အလုပ်အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာသွားဖို့ရာ သေသေချာချာ မဲပေးကြစို့ အင်းပါတီကို မဲပေးကြစို့
အင်းလေးဒေသ သဘာဝအင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်းဘေးကင်းဖို့ တို့အမျိုးတွေ ဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့
ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစေးပါလက်ရေတပြင်တည်း ဖွဲ့စည်းလိုက်ပြီး အင်းပါတီအများသူငှါ မနှိမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို မဲပေးကြစို့)၂
အင်းဆူအင်းဆား လူခဲများ ဦးဆောင်ပြုမည့် အင်းပါတီ၊ အမျိုးသားရေးလက်မနေး မြှင့်တင်ပေးမည် အင်းပါတီ၊ စည်းလုံးအင်အားရှေ့ကထား ညီညွတ်စေမည် အင်းပါတီ၊ လိုတာဖြည့်ပေး ကျန်းမာရေး ထောက်ကူပြုမည် အင်းပါတီ၊ တို့အင်းဆားတွေ ညီစေဖို့ အင်းပါတီကို မဲပေးစို့၊ စိတ်ဓာတ်အင်အားမြှင့်တင်ဖို့ အင်းပါတီကို မဲပေးစို့၊ (အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ)၃

# အမျိုးသားရေးအသိဖြင့် စာပေတာဝန်ကျေပွန်ကြစို့

မြင့်စိုး(နတလ)

ကျွန်တော် စာမရေးဖြစ်တာ အတော်ကြာပြီ။ ရေးချင်စိတ်ပျောက်နေခြင်းဖြစ်၏။ နောက်ဆုံးရေးခဲ့သည့် ဆောင်းပါးခေါင်းစဉ်ကိုပင် မမှတ်မိချင်တော့။ တပ်ကုန်းမြို့နယ်ထဲက သားခိုတောင်သို့ သွားရောက်ခဲ့သောအကြောင်း ရေးထားသည့် ဆောင်းပါးဖြစ်ပါလိမ့်မည်။ စာရေးဖို့ထက် မွေးရပ်မြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအနက် မိမိရွာအပါအဝင် ပုသိမ်-မုံရွာကားလမ်းအနောက်ဘက်ခြမ်းကျေးရွာများ တည်ငြိမ်အေးချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုရှိအောင် ပူးပေါင်းဆောင်ရွက်ကြရေး၊ ယာယီနေရပ်စွန့်ခွာ မိသားစုများ၏ စားဝတ်နေရေးအတွက် ကူညီထောက်ပံ့မှုများရရှိရေးတို့နှင့် စပ်လျဉ်း၍ မိမိစွမ်းဆောင်နိုင်သလောက် လုပ်ကိုင်ဆောင်ရွက်ပေးရင်း တည်ငြိမ်အေးချမ်းမှု ရယူတည်ဆောက်ပြီးချိန်မှာ မလွဲမသွေကြုံတွေ့လာရမည့် ပြန်လည်နေရာချထားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ စိတ်ရောက်နေ၍ စာရေးချင်စိတ် ပျောက်နေခြင်းဖြစ်မည်ဟု မိမိကိုယ်မိမိ ပြန်လည်သုံးသပ်မိပါသည်။

ထိုကဲ့သို့ နေလာရာမှ တစ်နေ့တွင် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ နာယကလည်းဖြစ်၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်လည်းဖြစ်သော ဆရာကြီး ဦးအောင်ကြည်ညွန့်က မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (စာရေးဆရာမြင်းမူမောင်နိုင်မိုး)၏ စာကို ပေးပို့လာပါသည်။ ဆရာမောင်နိုင်မိုး၏ စာထဲတွင် ဖော်ပြထားသည်မှာ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ ၁၃၈၇ ခုနှစ် သက်ကြီးစာပေရှင်များ ကန်တော့ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်က အသက်၈၀ နှင့်အထက်သက်ကြီးစာပေပညာရှင်ကြီး ၂၇၆ ဦးကို တစ်ဦးလျှင်ငွေကျပ် နှစ်သိန်းသုံးသောင်းစီနှင့် ဆေးဝါး၊ အခြားလှူဖွယ်ပစ္စည်းများ ကန်တော့ခဲ့ကြကြောင်း၊ ယခုနှစ်အတွက် ကန်တော့ခံ စာရေးဆရာကြီး ဆရာမကြီး ၂၈၈ ဦး ရှိမည်ဖြစ်ရာ ကျွန်တော် မြင့်စိုး(နတလ)အနေဖြင့်လည်း ယမန်နှစ်ကဲ့သို့ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ပါဝင်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားပေးခြင်းဖြစ်ပါသည်။

ကောင်းလေစွ၊ ယမန်နှစ်က ငါးသိန်း လှူခဲ့ဖူးသော ကျွန်တော်၊ ယခုနှစ်အတွက် ခုနစ်သိန်းနှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ သက်ကြီးစာပေပညာရှင်ပူဇော်ပွဲအတွက် ကျပ်သုံးသိန်း၊ ပေါင်းကျပ် ၁၀ သိန်းကို အတွင်းရေးမှူး ဆရာပန်းမျိုးခင်ထံသို့ ပေးပို့၍ လှူဒါန်းလိုက်ပါသည်။ မိမိ၏ အလှူဒါနအပေါ် ကြည်နူးဝမ်းသာပီတိဖြာရင်း ဆရာမောင်နိုင်မိုး ပေးပို့လိုက်သောစာကို ပြန်လည်ဖတ်ရှုရင်း စိတ်ခံစားမှုတစ်ခု ပေါ်လာတာကို သတိပြုမိသည်။

အလို... ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ပြောဖူးသည့် ဇောစေတနာ(Inspiration)ကို ဖန်တီးပေးသော အလှူဒါနတစ်ခုဖြစ်ခဲ့ပါပကော။ ထိုအလှူဒါနလေးတစ်ခုကို အကြောင်းပြု၍ သည်စာစုကိုရေးဖြစ်ခဲ့သည်။ ရေးရင်းနှင့်တွေးမိသည့် အကြောင်းအရာများကိုလည်း နောက်ပြန်သွားနေသည့် အချိန်ကာလယန္တရားနှင့်အတူ လိုက်ပါအမိဖမ်း၍ စိတ်ကူးပုံဖော်ကြည့်ရင်း ကြည်နူးဝမ်းသာရသည်။ ပျော်ရသည်။ ဝမ်းနည်းရသည်။ လူပုဂ္ဂိုလ်တော်တော်များများကို သတိရမိသည်။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ဟု ဆိုလိုက်သည်နှင့် သူရေးသောဝတ္ထုတွေ ကျွန်တော်အကြိုက်ဆုံးဝတ္ထုဖြစ်သော (သူငယ်ချင်းလိုပဲဆက်၍ ခေါ်မည်ခိုင် အပါအဝင်) ကျွန်တော်တို့ လေးမျက်နှာမြို့လေးမှာ လာရောက်ဟောပြောခဲ့သည့် စာပေဟောပြောပွဲ၊ လေးမျက်နှာကို ဂုဏ်ပြုရေးဖွဲ့ခဲ့သည့် "သာ၍ဝေးရာဆီကိုပါ" ဝတ္ထု စသည်တို့က အစီအရီ ပေါ်လာသလို ကျွန်တော် နတလမှာရှိနေစဉ် တိုင်းရင်းသားမဂ္ဂဇင်းအတွက် ဆရာကြီးထံမှ စာမူများ ရရှိခဲ့သည်ကိုလည်း အမှတ်ရမိသည်။ အယ်ဒီတာချုပ် ဆရာနီမင်းဆွေ(ဒုမှူးကြီးမြင့်ဆွေ-ကွယ်လွန်)၊ တာဝန်ခံအယ်ဒီတာ ဆရာလင်းဇော်ခိုင် (ကွယ်လွန်)၊ အယ်ဒီတာအဖွဲ့ဝင် ဗိုလ်မှူးသန်းထူးနှင့် ကျွန်တော် မြင့်စိုး(နတလ)တို့ စုပေါင်းတာဝန်ယူ၍ စီစဉ်ထုတ်ဝေခဲ့ကြသော နတလမဂ္ဂဇင်းကို ကနဦးအစ၌ နယ်စပ်ဖွံ့ဖြိုးရေးမဂ္ဂဇင်းအမည်ဖြင့် ထုတ်ဝေခဲ့ကြပြီး နောင်တွင် တိုင်းရင်းသားမဂ္ဂဇင်းအဖြစ် အမည်ပြောင်းလဲထုတ်ဝေခဲ့သည်။ ယင်းမဂ္ဂဇင်းအတွက် စာမူများတောင်းခံရာတွင် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ သန်လျင်နေအိမ်သို့ ဆရာလင်းဇော်ခိုင်ကိုယ်တိုင် သွားရောက်တောင်းခံခဲ့သည်။ ဆရာကြီးချီးမြှင့်ခဲ့သော စာမူများအနက် "နှစ်ဆယ့်တစ်ရာစုနှစ် ဖွံ့ဖြိုးတိုးတက်မှုသစ်မုခ်ဦးမှာ" ဆိုသည့် ဆောင်းပါးထဲမှာ (Inspiration) နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

> စာရေးခြင်းအပါအဝင် အနုပညာများအတွက် တွန်းအားကို အင်္ဂလိပ်ဘာသာဖြင့် Inspiration ဟုခေါ်သည်။ ဇောစေတနာဟု ကျွန်တော်က ဘာသာပြန်ပါသည်။ အနုပညာအားလုံးတွင် ဖန်တီးမှုဖြစ်ပေါ်လာရန် တွန်းအားပေးသော အနုပညာဇောစေတနာဟူ၍ ရှိ၏။ ခေါမများက ထိုဇောစေတနာကို (Theia Donamis) ဟု ခေါ်သည်။ ထိုခေါမစကား၏ အင်္ဂလိပ်ဘာသာအဓိပ္ပာယ်မှာ (Divine Power)ဟု ဖြစ်၏။ မြန်မာလိုတော့ နတ်ဒေဝါတန်ခိုးဟု အဓိပ္ပာယ်ရသည်။ စာရေးဆရာ၊ ကဗျာဆရာသည် သံလိုက်တုံးကြီးနှင့်တူသည်။ တန်ခိုးရှင်တစ်ဦးဦးက သူ့ကိုယ်တွင်း ပူးဝင်လာသောအခါ သူ့ကိုယ်တွင်းမှ နတ်ဒေဝါတန်ခိုးသည် သံလိုက်ဓာတ်ပမာ ဖြာထွက်သည်။ မဖြာထွက်ဘဲ မနေနိုင်တော့။ စာရေးဆရာ၊ ကဗျာဆရာသည် သူ့ဘဝကိုပင် သူခေတ္တမေ့ သတိလွတ်သွားပြီး Divine Dispensation ခေါ် တန်ခိုးရှင်၏ အစီအရင်အတိုင်းရွတ်တော့၊ ပြောတော့၊ ရေးတော့သည်ဆို၏။ ဟိုးမား (Homer) ကြီးမှ အစ ကမ္ဘာ့ကဗျာဘိုးအေကြီးများသည် သူတို့၏ မဟာကဗျာကြီးများကို ဤသို့လျှင် နတ်ဒေဝါတန်ခိုးနှင့် စပ်ဆိုဖန်တီးခဲ့သည်ဟု ဝန်ခံပြောဆိုကြသည်... ဟု ဆရာကြီးက ရေးသားဖော်ပြထားပါသည်။

တိုင်းရင်းသားမဂ္ဂဇင်းအတွက် စာမူများတောင်းခံရန် ဆရာဦးလင်းဇော်ခိုင်၏ ဆက်သွယ်ပေးမှုအရ စာရေးဆရာရုပ်ရှင်မင်းသား ကိုသုမောင်နှင့် ဆရာမင်းလူတို့အိမ်သို့လည်း ကျွန်တော်ရောက်ဖူးခဲ့သည်။ ဆရာမဝင်းဝင်းလတ်(ကွယ်လွန်)နှင့်လည်း ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ ဆရာဦးခင်မောင်မြင့်၏ မဟောသီတိုက်သို့လည်း မကြာခဏရောက်ဖူးခဲ့သည်။ နှစ်အတန်ကြာ ထုတ်ဝေခဲ့ဖူးသော တိုင်းရင်းသားမဂ္ဂဇင်းကို အကြောင်းပြု၍ စာရေးဆရာကြီး ဆရာမကြီးများ၏ စာမူများနှင့် ထိတွေ့ခွင့်ရခဲ့ပါသည်။ နာမည်ပေးတာကိုက "တိုင်းရင်းသားမဂ္ဂဇင်း" ဖြစ်သောကြောင့် နယ်စပ်ဒေသများ၊ တိုင်းရင်းသားများအပေါ် ထားရှိသည့် စေတနာ၊ မေတ္တာ၊ ကရုဏာတို့ကို သူတို့ရေးသားချီးမြှင့်ခဲ့သည့် ကဗျာများ၊ ဝတ္ထုများ၊ ဆောင်းပါးများထဲမှာ တွေ့ရသည်။ ကာတွန်းများ၊ သရုပ်ဖော်ပန်းချီများမှအစ နယ်စပ်ဒေသနှင့် တိုင်းရင်းသားအငွေ့အသက်များ မကင်းပါချေ။

ကျွန်တော်တို့ ဖြတ်သန်းခဲ့သည့် အချိန်ကာလကို ပြန်လည်တွက်စစ်ကြည့်လိုက်သောအခါ ဆယ်စုနှစ်နှစ်ခုကျော်၊ သုံးခုအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီတည်း။ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော စာရေးဆရာတော်တော်များများက သက်ရှိထင်ရှားမရှိတော့ပြီ။ တောင်ဆီမှာမိုးတွေ သည်းပါလို့ဝတ္ထုဖြင့် နာမည်ကျော်ခဲ့သော ဆရာနီမင်းဆွေလည်း မရှိတော့ပြီ။ "ဒီကောင်မြင့်စိုး (နတလ)ကွာ ဆောင်းပါးခေါင်းစဉ်ပေးတာကလည်း နူရွနေတာပဲ၊ တက္ကသိုလ်ဘုန်းနိုင်ရဲ့ တပည့်လားမသိဘူး၊ ဒီမှာ ကိုအောင်မြိုင် (ဦးအောင်မြိုင်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဌာနခွဲမှူးဖြစ်သည်)သူ့ခေါင်းစဉ်ကို ကျုပ်ပြင်မယ်၊ လိုက်ရေးပါ၊ ကျုပ်ပြင်ပေးတာကို လက်မခံဘူးဆိုရင် မထည့်ပေးဘူးပြောလိုက်"ဤပုံဤနှယ် ပြောခဲ့၊ ပြင်ပေးခဲ့ဖူးသော ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်လည်း မရှိတော့ပြီ။ သို့သော် ကြုံဆုံခဲ့ဖူးသော စာပေနှင့် ဆက်နွှယ်သည့် ဆရာသမားများ၊ စာရေးဆရာ၊ ဆရာမများက စာပေတာဝန်ကိုသိသော၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် စာပေစင်မြင့်ထက်တွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်သွားခဲ့ကြသည်ကို ကြည်ညိုလေးစားဖွယ်ရာ တွေ့မြင်ခဲ့ရသည်။ စေတနာဟုဆိုရာတွင် ကောင်းသောစေတနာနှင့် မကောင်းသောစေတနာ နှစ်မျိုးရှိသည်။ ကောင်းသောစေတနာက ကုသိုလ်ကံကို ဖြစ်စေသည်၊ မကောင်းသောစေတနာက အကုသိုလ်ကံကိုဖြစ်စေသည်။ တာဝန်သိသော စာရေးဆရာမှန်သမျှသည် ကောင်းသောစေတနာဖြင့်သာ စာရေးကြသည်။ ကောင်းသောကုသိုလ်ကံ ဇောစေတနာတို့တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့က အလိုလိုပါဝင်လာပြီး ဖြစ်တော့သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့အရင်းတည်၍ ရေးသားထားသည့် စာပေမှန်သမျှ အဆိပ်အတောက်ကင်းသော အကျိုးပြုစာပေများ မလွဲကေန်ဖြစ်ပေလိမ့်မည်။

စာပေမြင့်မှ လူမျိုးတင့်မည် ဆိုသည့် ဆိုရိုးရှိခဲ့သည်။ စာပေသည် နိုင်ငံအတွက် လမ်းပြကြယ်ဟု ဆိုပါလျှင် စာရေးဆရာများသည် လမ်းပြကြယ်ကို ပိုမိုလင်းလက်တောက်ပအောင် ဖန်တီးပုံဖော်သူများ ဖြစ်ပေလိမ့်မည်။ သည့်အတွက် စာပေအပေါ် သစ္စာရှိရပါမည်။ နိုင်ငံနှင့်လူမျိုးအတွက် အနာဂတ်ကို ပိုင်စိုးမည့်လူငယ်များအတွက် အဆိပ်အတောက်ကင်းသော စာကောင်းပေမွန်များကိုသာ လက်ဆင့်ကမ်းအမွေအဖြစ် မျှဝေပေးရပါမည်။ ယနေ့ သက်ရှိထင်ရှားရှိနေကြဆဲ ကန်တော့ခံစာပေပညာရှင်ကြီးများသည် စာပေအပေါ် သစ္စာရှိစွာဖြင့် ရေးသားရပ်တည်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ မကြာမီ ကျင်းပပြုလုပ်မည့် (၃၈) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲမှသည် အကြိမ် (၅၀) မြောက် ရွှေရတုနှစ်ကန်တော့ပွဲအထိ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။ ။

> ❖ **တာဝန်သိသော စာရေးဆရာမှန်သမျှသည် ကောင်းသော စေတနာဖြင့်သာ စာရေးကြသည်။ ကောင်းသောကုသိုလ်ကံ ဇောစေတနာတို့တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့က အလိုလိုပါဝင်လာပြီး ဖြစ်တော့သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့အရင်းတည်၍ ရေးသားထားသည့် စာပေမှန်သမျှ အဆိပ်အတောက်ကင်းသော အကျိုးပြုစာပေများ မလွဲကေန်ဖြစ်ပေလိမ့်မည်**

> **"စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည့် ဆိုရိုးရှိခဲ့သည်။ စာပေသည် နိုင်ငံအတွက် လမ်းပြကြယ်ဟုဆိုပါလျှင် စာရေးဆရာများသည် လမ်းပြကြယ်ကို ပိုမိုလင်းလက်တောက်ပအောင် ဖန်တီးပုံဖော်သူများ ဖြစ်ပေလိမ့်မည်။ သည့်အတွက် စာပေအပေါ် သစ္စာရှိရပါမည်။ နိုင်ငံနှင့် လူမျိုးအတွက်အနာဂတ် ကိုပိုင်စိုးမည့်လူငယ်များအတွက် အဆိပ်အတောက်ကင်းသော စာကောင်းပေမွန်များကိုသာ လက်ဆင့်ကမ်းအမွေအဖြစ် မျှဝေပေးရပါမည်"**

# စာပေမြင့်မှ လူမျိုးတင့်တယ်တာ။ စာပေကနေ ကောင်းကျိုးချမ်းသာတွေ အများကြီးလုပ်ခဲ့တယ်။ စာပေကြောင့် ကိုယ့်တိုင်းပြည် စုစုစည်းစည်းဖြစ်အောင် လုပ်နိုင်တယ်

**ဒေါက်တာဒေါ်ပို(မလေးပို)**

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုများ ချီးမြှင့်ပေးအပ်ခဲ့ရာ ဆုရရှိခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများနှင့် မေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

တွေ့ဆုံမေးမြန်း-နှဒီမင်း


ဒေါက်တာဒေါ်ပို(မလေးပို)


စာရေးဆရာကြီး ဦးသန်းညွှန့်


စာရေးဆရာကြီး ဦးကိုကို


ဒေါက်တာခင်သန်းဦး


စာရေးဆရာမကြီးဒေါ်တင်ရီ

**စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို(မလေးပို)**

အသက်က အခု ၈၈ နှစ်ထဲ ရောက်တော့မယ်။ စာရေးသက်က ရန်ကုန်တက္ကသိုလ် ရောက်တဲ့ ၁၉၅၅ ခုနှစ် အဲဒီအချိန် ကစပြီး အခုထိရေးတာပါ။ စာပေလောကထဲ ကျင်လည်ခဲ့တာပါ။ စာတွေလည်းရေးခဲ့သလို အရေးထက် အပြောကို ပိုအားသန်တော့ စာပေဟောပြောပွဲတွေမှာလည်း ဟောပြောပါတယ်။

အခုလို ဂုဏ်ပြုပေးတာဟာ မြန်မာစာပေ တိုးတက်ရေးကို အများကြီး အထောက်အကူပြုတာပေ့ါနော်။ ပုဂံခေတ်ကစပြီး ယနေ့အထိ နှစ်ပေါင်းထောင်ချီကြာလာတယ်ဆိုတာ စာပေကို ပြုစုတဲ့သူတွေရော၊ အားပေးတဲ့ ပြည်သူတွေရော ပါဝင်မှုရတာလေ။ မြန်မာစာပေရဲ့သမိုင်းဟာဆိုရင် လူမျိုးရဲ့ ဂုဏ်ကိုမြှင့်တင်ပေးတာ။ စာပေမြင့်မှ လူမျိုးတင့်တယ်တာ။ စာပေကနေ ကောင်းကျိုးချမ်းသာတွေ အများကြီးလုပ်ခဲ့တယ်။ စာပေကြောင့် ကိုယ့်တိုင်းပြည် စုစုစည်းစည်း ဖြစ်အောင် လုပ်နိုင်တယ်။ အင်္ဂလိပ်ခေတ်မှာတောင် မြန်မာစာပေ ပညာရှင်ကြီးတွေကနေ ဥပမာလယ်တီပဏ္ဍိတဦးမောင်ကြီးတို့၊ သခင်ကိုယ်တော်မှိုင်းတို့ အများကြီးပါပဲ။ လွတ်လပ်ရေးပြန်ယူရအောင် ကြိုးပမ်းအားထုတ်ခဲ့တာ၊ စာပေကနေ အမျိုးစုံတိုက်တွန်းခဲ့တာ၊ ပြည်သူလူထုက စာကြောင့် မျက်စိပွင့်ကြတာပေ့ါ။ စာပေရဲ့ဂုဏ်ကျေးဇူးဟာ အင်မတန်ကြီးတယ်၊ရေးတဲ့သူရှိပြီး မဖတ်လို့ရှိရင် အလကားပဲလေ၊ စာပေပြုစုတဲ့သူရော၊ ရေးတဲ့သူရော၊ ဖတ်တဲ့သူရောရှိမှ မြန်မာစာပေသမိုင်းကြီးဟာ ကမ္ဘာတည်သရွေ့ တည်ရှိနေမှာပါ။ ဒါမှ မြန်မာစာပေနဲ့ မြန်မာလူမျိုးဆိုတာ တင့်တင့်တယ်တယ်ဖြစ်မှာလေ၊ ဒီလို တင့်တယ်ဖို့ဆိုတာ စာပေနဲ့ပတ်သက်ပြီး အားပေးချီးကျူးကြမှ စာပေရဲ့ ကြီးပွားတိုးတက်မှုလည်း ဖြစ်လာမှာ။ အခုလို စာပေပြုစုသူတွေ၊ စာရေးဆရာကြီး၊ ဆရာမကြီးတွေကို နိုင်ငံတော်ကနေ ပြီးတော့မှ ချီးကျူးဂုဏ်ပြုတာဟာ၊ အားပေးတာဟာ စာပေအတွက်ဆိုပေမယ့် နိုင်ငံအတွက်ပါ တစ်ခါတည်း ပါသွားပြီ။ အဲဒါကြောင့် ဒီလို ဂုဏ်ပြုပေးတာဟာ အင်မတန်အကျိုးကျေးဇူး များပါတယ်လို့ ပြောချင်ပါတယ်။ နောင်ကိုလည်း ဆက်လက်ပြီးတော့ ရေးသူတွေကလည်း ရေးကြပါ၊ နိုင်ငံတော်ကလည်း အမြဲအားပေးပါလို့ ဆန္ဒပြုပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမကြီး ဝဏ္ဏကျော်ထင် ဒေါက်တာဒေါ်ပိုကို ၁၂-၁-၁၉၃၉ ခုနှစ်တွင် စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မင်းကင်းမြို့တွင် မွေးဖွားသည်။ ၁၉၅၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ၁၉၆၈ ခုနှစ်တွင် လယ်တီပဏ္ဍိတ အတ္ထုပ္ပတ္တိနှင့် စာပေကျမ်းဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာမအဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး ပုသိမ်ကောလိပ်၊ မော်လမြိုင်ကောလိပ်၊ ရန်ကုန်တက္ကသိုလ် တို့တွင် လက်ထောက်ကထိက၊ ၁၉၈၀ ပြည့်နှစ်တွင် မကွေးဒီဂရီကောလိပ်တွင် ကထိက၊ ထို့နောက် တွဲဖက်ပါမောက္ခ၊ ပါမောက္ခ/ဌာနမှူး ရာထူးဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကျွမ်းကျင်ပညာရှင် အကြံပေးအရာရှိ၊ အချိန်ပိုင်း ပါမောက္ခတာဝန်များ ထမ်းဆောင်ခဲ့ပြီး ပါရဂူကျမ်းကြီးကြပ်စစ်ဆေးရေးတာဝန်များ ဆောင်ရွက်သည်။

၁၉၉၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက္ကသိုလ်ပညာရေးလုပ်ငန်းများလေ့လာရေး သွားရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် အရှေ့တောင်အာရှရေးရာ ဧည့်ပါမောက္ခအဖြစ် ပညာရေးဝန်ကြီးဌာန၏တာဝန်ပေးချက်အရ သွားရောက်ခဲ့စဉ်အတွင်း မြန်မာအမျိုးသမီး (SIBA Shizuoka International Burmese Association Journal 1996) နှင့် မြန်မာယွန်းလုံချည် (Fugita Yante-1997) စာတမ်းဆောင်းပါးများ ပြုစုရေးသားခဲ့သည်။

နိုင်ငံတော်မှ ဝိဇ္ဇာပညာရပ်ထူးချွန် ဒုတိယဆင့်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေး တံဆိပ်၊ ဝန်ထမ်းကောင်း တံဆိပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်)၊ ဝဏ္ဏကျော်ထင်ဘွဲ့များ ပေးအပ်ခဲ့သည်။

**စာရေးဆရာကြီး ဦးသန်းညွှန့် (ဇင်မင်း-သမိန်ထော)**

ဒီဆုကတော့ စာပေဆုမှာ အမြင့်ဆုံးပဲလေ။ ဒီလိုဆုရတော့ အထူး ဝမ်းသာတယ်ပေ့ါဗျာ။ စာပေနဲ့လည်း ဆက်ပြီးတော့ အကျိုးပြုနိုင်တဲ့ သဘောမျိုးရှိတယ်ဆိုတော့ ဝမ်းသာပါတယ်။ အခုနောက်ပိုင်း စာဖတ်တာတွေ နည်းလာကြတယ်လေ။ အွန်လိုင်းသုံးတာများလာတော့ စာဖတ်တဲ့ အရှိန်က လျော့လာတယ်လို့ပြောလို့ရတာပေ့ါ။ စာဖတ်တဲ့အလေ့အကျင့်လေးတွေ ပြန်ဖော်ထုတ်ချင်တာပေ့ါ။ ကျွန်တော်တို့လည်း တတ်နိုင်တဲ့ဘက်ကနေ လုပ်ပေးချင်တယ်။ အခုလို ကျွန်တော်ပြောသင့်ပြောထိုက် ပြောခွင့်ရတဲ့အခါမှာ ဒါလေးတွေ ထည့်ပြောခွင့်ရလို့ ဝမ်းသာပါတယ်။ ကျွန်တော် ၂၀၀၀ ပြည့်နှစ်က ပြဇာတ်စာပေနဲ့ အမျိုးသားစာပေဆုရခဲ့တယ်။ စင်ပေါ်မှာကပြတဲ့ ပြဇာတ်နဲ့ စာပေမှာရေးထားတဲ့ ပြဇာတ်နဲ့ အဲအဆက်ဆက်လေးကိုလည်း ကျွန်တော်က လုပ်ချင်နေပါတယ်။ ကြုံတဲ့အခါလည်း ပြောချင်တယ်။ ကျွန်တော်တို့ စာပေဗိမာန်ကခေါ်တဲ့ပြဇာတ်၊ အမျိုးသားစာပေဆုပေးတဲ့ပြဇာတ်၊ အဲဒီပြဇာတ်တွေက အရေးပြဇာတ်ကို ဆုပေးကြတာပါ။ နည်းနည်းလေးကွာနေတယ်။ ပြဇာတ်ဆိုတာနဲ့ စင်ပေါ်မှာရှိတဲ့ ပြဇာတ်ကိုပဲ မျက်စိထဲမြင်နေကြတယ်။ စင်ပေါ်ကပြဇာတ်ကတော့ တွေ့ကြတယ်၊ ချစ်ကြတယ်၊ ညားကြတယ်၊ လွမ်းကြတယ်၊ ဆွေးကြတယ်။ နောက်တော့ ပြန်လည် ပေါင်းစည်းကြတယ်။ ဒီဇာတ်လမ်းပေါ်မှာ လျှောက်လှမ်းကြတာများတာပေ့ါ။ ကျွန်တော် ရေးတဲ့ ပြဇာတ်တွေက ၁၂ ပုဒ်နီးပါးရှိနေပြီ။ တကယ့်ပကတိဖြစ်ရပ်ကို စာအားဖြင့်လည်း တင်ချင်တယ်။ စင်ပေါ်မှာလည်း ထူးခြားတဲ့ အဖြစ်အပျက်တွေကို ပြဇာတ်အနေနဲ့ ဖြစ်လာစေချင်တယ်။ ဒါကျွန်တော့်ရဲ့ဆန္ဒပါ။

**ကိုယ်ရေးအကျဉ်း**

ဆရာကြီး ဦးသန်းညွှန့် (ဇင်မင်း-သမိန်ထော)ကို အဖ ဦးအုန်း၊ အမိ ဒေါ်နှင်းတင်တို့မှ ၁၉၄၁ ခုနှစ်တွင် ဖျာပုံမြို့နယ် သမိန်ထောရွာတွင် မွေးဖွားခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ဝန်ထမ်းဘဝတွင် လက်ထောက်မြို့ပိုင်၊ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း သင်တန်းအဖွဲ့မှူး၊ ပြည်သူ့ကောင်စီအတွင်းရေးမှူး၊ မြို့နယ်ရုံးအဖွဲ့မှူး၊ မြို့နယ်ဦးစီးအရာရှိ စသည့် နိုင်ငံ့တာဝန်များ ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်နေစဉ် အတွင်း ထူးချွန်ဝန်ထမ်းကောင်း တံဆိပ်ရရှိခဲ့သည်။

စာပေနယ်ထဲသို့ ၁၉၆၁ ခုနှစ် ငွေတာရီမဂ္ဂဇင်းတွင် "လောကအလှကဗျာ"ဖြင့် စတင်ဝင်ရောက်ခဲ့သည်။ ၎င်းကဗျာသည် အလယ်တန်းကဗျာ လက်ရွေးစင်စာအုပ်တွင် ထည့်သွင်းပြဋ္ဌာန်းခြင်းခံရသည်။ ငွေတာရီ၊ ရှုမဝ၊ နဝဒေး စသည့်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ်ခန့်မှစ၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ပြဇာတ်စာပေ ၁၁ ဆု၊ ယဉ်ကျေးမှုအနုပညာတစ်ဆု၊ စာပဒေသာ တစ်ဆု၊ ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ကျမ်းစာ သုံးဆု၊ ဝတ္ထုရှည် တစ်ဆုစသည်ဖြင့်ဆုများအသီးသီး ရရှိခဲ့သည်။

ယခုအခါ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

**စာရေးဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်)**

အမျိုးသားစာပေဆုကတော့ စာအုပ်တစ်အုပ်ပေါ်မှာပဲ မူတည်ပြီးပေးတာပေ့ါ။ တစ်သက်တာစာပေဆုဆိုတာကတော့ ဆုချီးမြှင့်ခံရတဲ့ စာရေးဆရာကြီးတွေ တစ်သက်လုံး စာပေနဲ့ ထိတွေ့လာပြီး သူတို့ရဲ့ဘဝတစ်သက်တာမှာ စာပေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာလည်းပါဝင်ပြီး ဆောင်ရွက်လာခဲ့ကြတယ်ဆိုပြီးတော့ အထူးသဖြင့် ဘဝတစ်လျှောက်လုံး စာပေနဲ့ လက်ပွန်းတတီးနေခဲ့တဲ့အတွက် ဒါကို အနှစ်သာရရှိတဲ့ အနေနဲ့ပေးတာလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ကတော့ တစ်သက်တာစာပေဆုကို အများကြီးတန်ဖိုးထားရမယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒီဘက် ခေတ်မှာတော့ တော်တော်လေး စာဖတ်တာ အားနည်းနေတာကို ကျွန်တော်တွေ့တယ်။ အရင်လိုမဟုတ်တော့ဘူးလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့က ရေးသာရေးလိုက်တာ ဖတ်တဲ့သူအပိုင်းကျတော့ ကျွန်တော်တို့မြင်ဖို့ကျ တော်တော်လေး ခက်တယ်။ များသောအားဖြင့်တော့ အွန်လိုင်းမှာပဲ စာဖတ်ကြတာ များတယ်။ ကျွန်တော်တို့ ဟိုနားဒီနားပဲ သွားသွား၊ ဘယ်ကိုပဲသွားသွား ကျွန်တော်တို့ ငယ်ငယ်ကဆို စာအုပ်လေးတွေ ဖတ်တယ်။ ဂျာနယ်လေးတွေ ဖတ်တယ်၊ အခုကျတော့ ဖုန်းနဲ့ပဲ ဖတ်နေကြတာတွေ့နေရတယ်။ အွန်လိုင်း မီဒီယာဖတ်တာကျ ပိုများသွားကြပြန်ရော။ အွန်လိုင်းစာပေတွေမှာလည်း ကောင်းမွန်တဲ့စာပေတွေ ရှိပါတယ်၊ ကောင်းမွန်တဲ့စာပေတွေ ဖတ်နေတယ်လို့ပဲ ယူဆရမှာပါ။ စာအုပ်ကိုင်ဖတ်တဲ့ပိုင်းမှာတော့ အရင်လိုမများတော့ဘူး။ သို့သော်လည်း အွန်လိုင်းဘက်မှာတော့ ပိုဖတ်လာကြပါတယ်။ အဲဒီလိုလေးတော့ရှိသွားမယ်။

**ကိုယ်ရေးအကျဉ်း**

ဦးကိုကို (ကို-တက္ကသိုလ်)ကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့၌ အဖ ဦးစန်းရည် (မော်ကွန်းဝင်တတိယအဆင့်)၊ အမိ ဒေါ်ငွေတို့မှ မွေးဖွားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် စစ်တက္ကသိုလ်မှ B.Sc ဘွဲ့နှင့် ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ MA(Def: Study)ဘွဲ့ ရရှိခဲ့သည်။ ၁၉၆၄ ခုနှစ် မေလထုတ် ရုပ်ရှင်သစ်မဂ္ဂဇင်းပါ မြတ်နိုးသည်သာ ကဗျာဖြင့် စာပေနယ်သို့ဝင်ရောက်ခဲ့ပြီး စာနယ်ဇင်းမျိုးစုံတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးနှင့် ဘာသာပြန်စာပေများရေးသားခဲ့၊ ရေးသားဆဲဖြစ်သည်။ ကဗျာပေါင်းချုပ်စာအုပ်လေးအုပ်အပါအဝင် သုတ၊ ရသ လုံးချင်းစာအုပ် ၁၈ အုပ် ထုတ်ဝေပြီးဖြစ်သည်။

ထင်ရှားသောကလောင်အမည်မှာ ကို(စစ်တက္ကသိုလ်)၊ ကို(တက္ကသိုလ်)၊ ကေကေ(မဟာဝိဇ္ဇာ)နှင့် အောင်ဇေယျတို့ဖြစ်သည်။ စာပေတာဝန်များအနေဖြင့် ယခင် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲ လုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးကော်မတီတွင် ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီတွင် အကြံပေးပုဂ္ဂိုလ်၊ ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်မှ သီရိပျံ့ချီဘွဲ့၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ပြီး ယခုအခါ တာဝန်များမှ အနားယူပြီး စာပေများကို ဆက်လက်ရေးသားလျက်ရှိသည်။

*စာမျက်နှာ ၂၀ သို့*

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

*စာမျက်နှာ ၁၉ မှ*

**စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)**

ကျွန်မက စာရေးတဲ့အလုပ်ကို ဝါသနာလည်းပါခဲ့တယ်။ အသက် ၁၈ နှစ်သမီးလောက် ကတည်းကစပြီး တိုင်းရင်းမေ ဂျာနယ်မှာ ဝတ္ထုလေးတွေရေးခဲ့တာ တကယ်တမ်း ဆက်တိုက်ရေးဖြစ်တာက အသက် ၃၅ နှစ်လောက်ကစပြီးတော့ အသက် ၅၀ ကျော်လောက်ထိ ဝတ္ထုရှည်တွေ၊ လုံးချင်းဝတ္ထုရှည်တွေ၊ ဝတ္ထုတိုတွေ အများကြီးရေးခဲ့တယ်ပေါ့၊ လုံးချင်းဝတ္ထုရှည်တွေဆို အပုဒ် ၆၀ ကျော် ၇၀ နီးပါးရှိတယ်။ အတိုလည်း အဲဒီလောက်ရှိတယ်၊ အတိုတွေက အခုထိလည်း ရေးနေတုန်းပါပဲ၊ နောက်ပိုင်း ပင်စင်ယူပြီးမှ ကျွန်မ ပါရဂူဘွဲ့တက်တယ်၊ ဒေါက်တာဘွဲ့ရတယ်၊ အဲဒီနောက်ပိုင်းမှာ ရေးတဲ့ စာပေတွေကတော့ စာပေသဘောတရားနဲ့ ပတ်သက်တဲ့ စာအုပ်တွေချည်းပဲ ဖြစ်ပါတယ်။ စာပေသဘောတရားနဲ့ ပတ်သက်တဲ့အခါကျတော့ ဒါတွေက ဝတ္ထုရှည် သဘောတရား၊ ဝတ္ထုရှည် အတတ်ပညာတို့၊ ဝတ္ထုတို သဘောတရား၊ ဝတ္ထုတို အတတ်ပညာတို့၊ ဝတ္ထုရှည် ဖန်တီးသူ၊ ဝတ္ထုရှည် ခံစားသူ၊ ကဗျာ ဖန်တီးသူ၊ ကဗျာခံစားသူ၊ ရသစာတမ်းပေါ့နော်၊ ဆရာဇော်ဂျီနဲ့ အခြားစာဆိုတွေ ရသစာပေတွေးဟန်နဲ့ ရေးဟန်ပေါ့ စသဖြင့် စာပေသဘောတရား စာအုပ်တွေ ရေးတာများတယ်။ ရှစ်အုပ်တိတိ ရေးလိုက်တယ်။ ဒါက လက်ရှိ သက်ကြီးပိုင်းမှာ ရေးလိုက်တာပေါ့လေ၊ ဒီလိုရေးတဲ့အခါမှာတော့ ကိုယ့်ရဲ့ဝါသနာကို အရင်းခံပြီး ကိုယ့်ရဲ့ ဘဝလုပ်ငန်းကလည်း မြန်မာစာ ဆရာမဖြစ်တဲ့အတွက် တွဲလျက် လုပ်ကိုင်သွားတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မ တစ်သက်တာမှာ တစ်ခါမှ ဆုမရခဲ့ပါဘူး။ ကျွန်မအနေနဲ့လည်းပဲ နေသားကျနေပြီလေ၊ ဆုရမယ်လို့လည်း တစ်ခါမှ မျှော်လင့်မထားပါဘူး။ ပြီးခဲ့တဲ့ သြဂုတ်လတုန်းက ပခုက္ကူဦးအုန်းဖေရဲ့ တစ်သက်တာစာပေဆုရလိုက်တယ်၊ ရလိုက်တော့ တော်တော့ကို အံ့သြသွားပါတယ်။ အဲဒီလိုကနေ ခုတစ်ခါ ထပ်ရတဲ့အခါကျတော့ ကျွန်မအနေနဲ့ ဆုရမယ်လို့လည်း ရည်မှန်းမထားပါဘူး၊ တကယ်က စာရေးတဲ့အလုပ်က ကိုယ့်ဘဝနဲ့လည်း ဆက်စပ်နေတယ်၊ ကိုယ့်လုပ်ငန်းနဲ့လည်း ပတ်သက်နေတယ်၊ ကိုယ်လည်း ဝါသနာပါတယ်၊ အနုပညာတစ်ခုခုနဲ့ ရှင်သန်နေရတာလည်း ဘဝကနေပျော်တယ်လို့ ထင်လို့နေတာပါ။ အခုလို နိုင်ငံတော်က တစ်သက်တာစာပေဆုကို ရတဲ့အခါကျတော့ ကျွန်မအနေနဲ့ မျှော်လင့်မထားသော်လည်း အထူးပင် ဝမ်းသာပီတိဖြစ်မိပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမကြီး မမိုးမြေကို အဖ ဦးဖွယ်လင်၊ အမိ ဒေါ်ကြည်မြတို့မှ ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူး၊ ၁၉၇၁ ခုနှစ်တွင် မဟာဝိဇ္ဇာ၊ ၂၀၀၆ ခုနှစ်တွင် ပါရဂူဘွဲ့ ရရှိခဲ့သည်။

၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ စသည့် ရာထူးအဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အငြိမ်းစားယူပြီး ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ဝတ္ထုရှည် သဘောတရား၊ ဝတ္ထုရှည် အတတ်ပညာ(ကျမ်း)ဖြင့် ရရှိခဲ့သည်။ တက္ကသိုလ်မခင်သူအမည်ဖြင့် တိုင်းရင်းမေဂျာနယ်၌ ဝတ္ထုတိုများရေးသားခဲ့သည်။ ၁၉၇၈ ခုနှစ်မှစ၍ မမိုးမြေကလောင်အမည်ဖြင့် မလွမ်းချင်တော့ဘူးကွယ် လုံးချင်းဝတ္ထုရှည်ကို ပထမဆုံး ရေးသားထုတ်ဝေခဲ့သည်။ ဝတ္ထုရှည်အပုဒ် ၇၀ ခန့်နှင့် ဝတ္ထုတိုအပုဒ် ၇၀ ခန့်ရေးသားခဲ့သည်။ ၂၀၀၈ ခုနှစ်မှ စ၍ ယနေ့အထိ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် ပါရဂူ သင်တန်းသားများအား အချိန်ပိုင်း ပို့ချပေးနေပြီး ပါရဂူကျမ်း ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း တာဝန်များကို ဆောင်ရွက်နေဆဲဖြစ်သည်။

**စာရေးဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)**

ကျွန်မက မျှော်လင့်မထားဘဲနဲ့ ရတာပါ၊ အခု ကျွန်မအသက် ၉၃ နှစ်ရှိပြီ၊ သူများတွေ စာပေဆုတွေ ချီးမြှင့်ခံရတိုင်း ကျွန်မက တက်ပြီး မုဒိတာပွားတာပေါ့၊ အခုကိုယ်တိုင် ရတယ်ဆိုတဲ့ အခါကျတော့ ကျွန်မကို မုဒိတာပွားကြသူများ အခုထိဆို ရာနဲ့ချီနေပြီ၊ တယ်လီဖုန်းတွေဆက်ကြ၊ မက်ဆေ့ခ်ျတွေ ပို့ကြပေ့ါ၊ ပီတိလေး ခံစားရတာပေါ့။

ကျွန်မ ပြောချင်တာကတော့ ခေတ်ချင်းက မတူဘူးဖြစ်သွားပြီ၊ ကျွန်မတို့ခေတ်တုန်းကဆို မဂ္ဂဇင်းတွေခေတ်ဆိုတဲ့ အခါကျတော့ ရေးစရာတွေက အများကြီးပဲလေ၊ ကျွန်မတို့လည်း မဂ္ဂဇင်းတိုင်းလိုလိုမှာ ကျွန်မ ဝတ္ထုတွေ ပါတာများတယ်။ ကျွန်မက စာမူပို့တော့မယ်ဆိုရင် ဒီမဂ္ဂဇင်းရဲ့ အယ်ဒီတာအာဘော်နဲ့ ဒီမဂ္ဂဇင်းထဲမှာပါတဲ့ စာတွေကိုပေါ့နော် အရင်ဝယ်ပြီးတော့မှ ဖတ်ကြည့်တယ်၊ဖတ်ကြည့်ပြီးတော့မှကိုယ်ပြောချင်တာလည်းပါအောင်၊သူတို့ရဲ့မူနဲ့လည်း ကိုက်အောင် မဂ္ဂဇင်းတိုင်းကို ပို့တယ်။ ခုခေတ်ကျတော့ မဂ္ဂဇင်းကလည်း ရှားသွားပြီ၊ ခုခေတ်က Facebook ပေါ့၊ ကောင်းတာထက် မကောင်းတာက ပိုများနေတယ်၊ ကျွန်မ ခုနေပြည်တော် စာပေဝိုင်းမှာ ကိုးနှစ်ရှိပြီ ဦးဆောင်ပြီးလုပ်နေတာ ကလေးတွေကို ကျွန်မ စာပေဆုတွေ ဘာတွေ ချီးမြှင့်ပေးတယ်ပေ့ါ။ ကျွန်မအမြဲပြောတယ် စာပေဆိုတာ ကောင်းတဲ့စာပေပဲ ရေးကြပါ။ ပေတဲ့စာပေ မရေးကြပါနဲ့လို့ အမြဲဆိုဆုံးမတယ်၊ခုခေတ်က မိဘတွေက မအားလပ်ကြတာများတော့ ကလေးတွေကိုသွန်သင်ဆုံးမတာ နည်းတယ်လေ၊ မိဘဆိုတာက လက်ဦးဆရာပဲလေ၊ စာအုပ်ဆိုတာကျတော့ စာပေက သူ့အရွယ်နဲ့သူ ဖတ်သင့်တာလေးတွေရှိတယ်၊ စာအုပ်စာပေက ဘယ်တော့မှ အဆိပ်အတောက်မဖြစ်ဘူး။ အခု လူမှုကွန်ရက်မှာကျတော့ အဆိပ်ဖြစ်တဲ့စာပေတွေ၊ ညစ်ပတ်တဲ့ ပေတဲ့စာပေတွေများလာတော့ ကလေးတွေအပေါ်မှာ ကျွန်မရေးဖြစ်တဲ့ အခါမျိုးဆိုရင်လည်း ဒါတွေကိုလူငယ်တွေ သတိထားနိုင်အောင် ရေးဖြစ်တယ်ပေ့ါ။ ကျွန်မက ခေတ်ကိုပဲ သုံးသပ်ချင်တာပါ၊ လူငယ်တွေ စာရိတ္တ တိုးတက်မြင့်မားလာဖို့ လိုပါတယ်။ ရုပ်ဝတ္ထုအနေနဲ့က အများကြီး တိုးတက်လာတယ်၊ သို့သော် စိတ်ထားလေးတွေကို တော်တော်လေး ပြုပြင်ကြရဦးမယ် ထင်ပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမကြီး ဒေါ်တင်ရီကို အဖ ဦးညို၊ အမိ ဒေါ်ချစ်တို့မှ ၁၉၃၂ ခုနှစ် မတ်လ ၂၅ ရက်တွင် ညောင်ဦးမြို့ ကျောင်းစုရပ်၌ မွေးဖွားခဲ့သည်။ အသက် လေးနှစ်တွင် ဘုန်းတော်ကြီးကျောင်း၌ စာသင်ကြားခဲ့ပြီး အသက် ခုနစ်နှစ်အရွယ်တွင် ညောင်ဦးမြို့ အမျိုးသားအထက်တန်းကျောင်း၌ အရည်အချင်းစစ်၍ ဒုတိယတန်းမှ စတင်ပညာသင်ကြားခွင့်ရခဲ့သည်။

မြဝတီ၊ ငွေတာရီ၊ စစ်ပြန်၊ ချယ်ရီ၊ မဟေသီ၊ ကလျာ၊ လုံမလေး၊ စာပေလုပ်သား၊ စန္ဒာ၊ နိုင်ငံ့ဂုဏ်ရည်၊ ပိတောက်နွယ်၊ နွယ်သာကီ မဂ္ဂဇင်းများ၊ အတွေးအမြင်ဂျာနယ်၊ မေမြန်မာဂျာနယ်တို့တွင် ဝတ္ထုတို ၁၀၀ ကျော်၊ စန္ဒာမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်ဖြစ်သည့် မောင်ရှေ့သို့ တည့်တည့်လျှောက်ရင် ကို လုံးချင်းရိုက်ပြီး တစ်နိုင်ငံလုံးရှိ တပ်မတော်သားများအတွက် လှူဒါန်းခဲ့သည်။

မြန်မာ့အသံ ဇာတ်လမ်းပမာနားဆင်စရာကဏ္ဍတွင် ဝတ္ထုတို ၁၀ ပုဒ်၊ ရန့်မသင်း အဆင်းမဖြူနိုင် ဝတ္ထုရှည်အား ၁၉၈၉ - ၁၉၉၀ ပြည့်နှစ်တွင် ၄၅ မိနစ်စာ အသံလွှင့် ဖော်ပြခြင်းခံရပြီး လုံမလေးမဂ္ဂဇင်းနှင့် စန္ဒာမဂ္ဂဇင်းတို့တွင် ၁၉၈၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ရေးသားခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ခင်ပွန်းကွယ်လွန်ပြီးနောက် မြတ်မင်္ဂလာ၊ မြတ်ပန်းရဂုံတို့တွင် ဘာသာရေးစာပေများ ရေးသားခဲ့ပြီး နေသိဒ္ဓိဂျာနယ်တွင် ၂၀၀၉ ခုနှစ်မှ ယနေ့အထိအပတ်စဉ်ဘာသာရေးစာပေများ ရေးသားနေဆဲဖြစ်သည်။

# ကယားပြည်နယ်ဝန်ကြီးချုပ် သာသနိကအဆောက်အအုံများပြုပြင်မွမ်းမံမှုနှင့် သီရိမင်္ဂလာဈေးသစ် တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၃**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်က လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံပြီးစီးမှုနှင့် သီရိမင်္ဂလာဈေးသစ် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ရောက်ရှိပြီး ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် အေးချမ်းအောင်မြင် စေတီတော်ဘက်စုံပြုပြင်မွမ်းမံပြီးစီးသည့် အခြေအနေများ၊ ကျောင်းဓမ္မာရုံ မြေထိန်းနံရံနှင့် သန့်စင်ခန်းများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အာဂန္တုရဟန်း၊ သာမဏေများ ကျောင်းတိုက်ဓမ္မာရုံအတွင်း အဆင်ပြေစွာ သီတင်းသုံးနိုင်ရန်အတွက် လိုအပ်သည့် ခုတင်နှင့် စာရေးစားပွဲများ ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သီရိမင်္ဂလာဈေးသို့ရောက်ရှိပြီး နှစ်ထပ်ဈေးရုံသစ် တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး၊ သတ်မှတ်ကာလပြီးစီးရေးဆောင်ရွက်ရန်၊ သဘာဝဘေးဒဏ်နှင့် မီးဘေးအန္တရာယ်လုံခြုံရေးအတွက် မီးငြိမ်းသတ်စနစ်များ စနစ်တကျ ထည့်သွင်းတည်ဆောက်ရန်နှင့် အရည်အသွေးစစ်ဆေးခြင်းအား စဉ်ဆက်မပြတ် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဈေးအတွင်း ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများ၏ ရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က ဈေးအတွင်း သန့်ရှင်းသာယာရေး၊ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် စားသောက်ကုန်များကိုသာ ရောင်းချစေရေးနှင့် သက်တမ်းလွန် ကုန်ပစ္စည်းနှင့် စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့ပြင် ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က



အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီဝင်များဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှု၊ ထုတ်ချေး ပြီးစီးမှု၊ ပြန်လည်ပေးဆပ်မှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်း ဗိုလ်လောင်းများ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော်မှ သေနတ်ပစ်အသင်း အဖွဲ့ခေါင်းဆောင် Lieutenant Colonel Andrey SEMENENKO၊ ဒုတိယစစ်သံမှူး Lieutenant Colonel Aleksei OLEINIKOV၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ - ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်း သယ်ဆောင်ပြီး နှစ်နိုင်ငံ အလံလွှင့်ထူကာ အလေးပြုကြသည်။ ထို့နောက် ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်က အမှာစကားပြောကြားပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မီတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်း ပစ္စတိုပစ်ပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစားအလိုက် သေနတ်ပစ်ပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေး အပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ရုရှား-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံ ဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံသေနတ်ပစ်အားကစားနည်းစနစ်ဖလှယ်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ - ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်လာကြသော ရုရှား သေနတ်ပစ်အသင်းအဖွဲ့ခေါင်းဆောင် Lieutenant Colenel Andrey SEMENENKO နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ရောက်ရှိစဉ် အောင်မြေစကြာမင်္ဂလာ ဆုတောင်းပြည့်ဘုရား၊ ဗထူးစမ်း၊ ရပ်စောက်မြို့မဈေးနှင့်မြို့နေပြည်သူများ စုပေါင်း၍ ဘုံကထိန်အတွက်လှူဒါန်းထားသောပဒေသာပင်များ လှည့်လည်နေမှုကို စိတ်ဝင်တစားသွားရောက်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဟုမ္မလင်းမြို့၌ အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၃**

ယနေ့ နံနက် ၈နာရီ ၃ မိနစ် ၅ စက္ကန့်တွင် ကသာမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၆၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၄၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ရွှေပြည်သာမြို့နယ်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးအခမဲ့စစ်ဆေးပေး

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ Elderly /NCD CLinic များတွင် သက်ကြီးပုဂ္ဂိုလ်များအားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၌ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း (NTP) အောင်ဆန်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ Mobile Digital X ray ဖြင့် အခမဲ့စစ်ဆေးပေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်နှင်းတို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ရွှေပြည်သာမြို့နယ်ပြည်သူ့ဆေးရုံ၌ လာရောက်ပြသသူ ၂၅၉ ဦး၊ Mobile Digital X ray ဖြင့် စစ်ဆေးသူ ၁၈၃ ဦး၊ လှော်ကားဒေသန္တရတွင်လာရောက်ပြသသူ ၂၀၇ ဦး၊ Mobile Digital X ray ဖြင့် စစ်ဆေးသူ ၁၆၅ ဦးတို့အား အခမဲ့စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း**
**(ရွှေပြည်သာ)**



○ *ကျောဖုံးမှ*

အဆုံးသတ်သွင်းယူမှုပိုင်းတွင် လိုအပ်ချက်များစွာရှိနေသည့်အတွက် သွင်းဂိုးရရေး အခက်တွေ့ခဲ့ရသည်။ ဘာစီလိုနာအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် တိုက်စစ်ကစားသမား ရက်ဖီ့ဒ်က သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် ဦးဆောင်သူ ရီးရဲမက်ဒရစ်အသင်းနှင့် ငါးမှတ်အကွာ အဆင့် (၂) တွင် ရပ်တည်နေသည်။ ပြိုင်ဘက်အယ်ချီအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါ ၁၁ ပွဲကစားပြီး သုံးပွဲနိုင်၊ ငါးပွဲသရေနှင့် သုံးပွဲရှုံးရလဒ်ဖြင့် အဆင့် (၉) တွင် ရပ်တည်နေသည်။

နိုဝင်ဘာ ၃ ရက် နံနက် ၂ နာရီခွဲတွင် ဘက်တစ်နှင့် မာယော့ကာအသင်းပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး ဘက်တစ်အသင်းက တောင်ပံတိုက်စစ်ကစားသမား အန်တိုနီ၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

**တန်ဆောင်မုန်းလသည် မိုးအကုန် ဆောင်းအကူး ကြားကာလဖြစ်သည်။ ရာသီဥတုသည် ပုံမှန်အားဖြင့် သာသာယာယာရှိသည်။ ကောင်းကင်၌ မိုးတိမ်ကင်းစင်သဖြင့် ကျေးလက်တောရွာများတွင် ညအချိန်၌ ကြည်လင်တောက်ပသောလရောင်ကို အပြည့်အဝ ခံစားခွင့်ရရှိသလို အနည်းငယ်လည်း အေးစိမ့်လာပြီဖြစ်သည်။**

*မောင်သောင်းဝင်း(တမန်ဟောင်း)*



နံနက်စောစော လမ်းလျှောက်သည့်အခါ စိမ်းစိုသောမြက်ခင်းပြင်ပေါ်တွင် ဖြူဖြူဖွေးဖွေးဆီးနှင်းစက်ကလေးများကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ရာပင်ဖြစ်သည်။ လမ်းလျှောက်ရင်း သန့်ရှင်းလတ်ဆတ်သော ဆောင်းလေအေးအေးလေးကို ရှူရှိုက်ရသည့်အခါ ပိုမိုလန်းဆန်း တက်ကြွလာစေပါသည်။

တန်ဆောင်မုန်းလအကြောင်းကို "တန်ဆောင်မုန်းဗြိစ္ဆာ၊ ကြိတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး" ဟု ကင်းဝန်မင်းကြီးက သံပေါက်လင်္ကာဖြင့်ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အဝေါ်အရ ဗြိစ္ဆာရာသီဟုခေါ်သည်။ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ အမှန်စင်စစ်မှာမူ တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့ပင်ဖြစ်သည်။

### စေတနာသဒ္ဓါတရား ထက်သန်

ပုံမှန်အားဖြင့် နှစ်စဉ် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် လူကြီး၊ လူငယ်၊ လူလတ် အရွယ်ပေါင်းစုံ သည်အလှူအတန်းများ၊ ပွဲတော်များအတွက် မမောမပန်း အလုပ်ရှုပ်နေကြသည်။ အားလုံး၏ တူညီသော စိတ်စေတနာသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန်ဖြစ်သည်။ ချစ်စရာမြန်မာ့ဓလေ့ပင်ဖြစ်သည်။ မြန်မာတို့သည် မလှူရလျှင် မနေနိုင်သောသူများဖြစ်ကြသည်။ အလှူရေစက်လက်နှင့် မကွာသည်မှာ မြန်မာများသာဖြစ်ကြသည်။ ထို့ကြောင့် အလှူအတန်းပြုလုပ်ရာတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နိုင်သည့် မှတ်တမ်းဝင်ခဲ့ဖူးသည်။

စင်စစ်အားဖြင့် ကမ္ဘာပေါ်တွင် ပြက္ခဒိန်တစ်နှစ်လုံး လအလိုက် အလှူအတန်းပြုလုပ်သည့် ပွဲတော်များ ကျင်းပလျက်ရှိသည့် နိုင်ငံကိုပြရမည်ဆိုလျှင် မြန်မာနိုင်ငံတွင်သာရှိမည်ဟု ထင်ပါသည်။ အကြောင်းမူကား မြန်မာတို့သည် လအလိုက် ရာသီပွဲတော်များ ကျင်းပပြီး အလှူအတန်း ပြုလုပ်ကြသည့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက်လက်ဆင့်ကမ်း ထိန်းသိမ်းထားကြသောကြောင့်သာဖြစ်သည်။ ထိုသို့ပွဲတော်များကျင်းပခြင်းသည် အပျော်အပါးသက်သက်အတွက် ငွေကြေးသုံးစွဲနေခြင်းမျိုး မဟုတ်ပေ။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းထားသလို အခြားတစ်ဖက်တွင်လည်း လုပ်ငန်းခွင်၌ ပင်ပန်းနေကြသည့် ပြည်သူများကို စိတ်ထွက်ပေါက် ပေးထားခြင်းပင်ဖြစ်သည်။ ထို့ပြင် ဘုရားပွဲတော်များ၊ အလှူမင်္ဂလာပွဲများတွင် တစ်နယ်တစ်ကျေး၌ ရောက်ရှိနေသော မိသားစုများ ဆုံစည်းခွင့်ရရှိကြသည်။

မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလ ရောက်ပြီဆိုလျှင် ပွဲတော်များစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ ကျီးမနိုးပွဲတော်၊ မဲဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ပုံသကူပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များစွာအပြင် တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလ အခါတော်နေ့လည်းဖြစ်သည်။ ထိုပွဲတော်အားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် အလှူအတန်းနှင့် ဆက်စပ်လျက်ရှိသည်။ အမှန်စင်စစ်မှာမူ မြန်မာတို့၏ စေတနာသဒ္ဓါတရား ထက်သန်ရက်ရောမှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

### သာမညဖလအခါတော်နေ့

တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့ဖြစ်သည်။ သာမညသည် သာမဏေ၊ ရသေ့၊ ရဟန်း ပြုလုပ်ခြင်းအဖြစ်ဟု အနက်အဓိပ္ပာယ်ရရှိသည်။ ဖလသည် အကျိုးကျေးဇူးပင်ဖြစ်သည်။ ဆိုလိုသည်မှာ သာမညဖလသည် ရသေ့ ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သုံးလောကထွဋ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန်ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး) ကို ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကို နာကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုအခါ ဖခင်ဘုရင်ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများကြောင့် အိပ်မပျော် စားမဝင်ဖြစ်နေသော အဇာတသတ်မင်းသား၏ ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသက်ပေးကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီအမည်ရှိ ပစ္စေကဗုဒ္ဓဖြစ်ပြီး နိဗ္ဗာန်ကိုမျက်မှောက် ပြုရမည့်ပုဂ္ဂိုလ်ဖြစ်ခြင်းစသည့်အကျိုးတရားများ ခံစားရသည်ကိုအကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပလာခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများတွင် သာမညဖလသုတ္တန်ကိုလည်း ရွတ်ဖတ်ပူဇော်ကြသည်။

### ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

ကထိန်သင်္ကန်းအလှူသည် ဗုဒ္ဓဘာသာမြန်မာတို့အတွက် မလှူမဖြစ် လှူဒါန်းသင့်သော အလှူဒါနတစ်ခုဟုပင်ဆိုနိုင်ပါသည်။ "သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာသိမ်" ဆိုသော စကားအတိုင်းပင် ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ ကထိန်သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များအား လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူအား အကျိုးငါးပါးတိုးပွားစေခြင်းနှင့် သံဃာများအား ဝိနည်းသိက္ခာ ငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံး ဒါနတစ်ခုပင်ဖြစ်သည်။ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အကျိုးတရားများသည် ရေးသား၍ ကုန်နိုင်မည်မဟုတ်ချေ။ အနှစ်ချုပ်လိုက်မည်ဆိုလျှင် အမြတ်ဆုံးဒါနတစ်ခုပင် ဖြစ်သည်။

### မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်း

မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရား လက်ထက်တော်ကတည်းကပင်ရှိခဲ့သည်။ မိထွေးတော်ဂေါတမီ အမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းစင်တွင် ရက်လုပ်၊ သင်္ကန်းချုပ်ခြင်းလုပ်ငန်းတို့ကို ညတွင်းချင်းအပြီး ဆောင်ရွက်ခဲ့ကြသည်။ နံနက် ၅ နာရီမထိုးမီ မြတ်ဗုဒ္ဓအား မသိုးသင်္ကန်း (ကထိန်သင်္ကန်း) ဆက်ကပ်လှူနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအလေ့အထသည် မျက်မှောက်ကာလအထိ ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။ နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်၊ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၊ စွယ်တော်မြတ်စေတီတော် အပါအဝင် တန်ခိုးကြီးဘုရားများတွင် ရက်ကန်းစင်များဖြင့် ပြည့်လျက်ရှိသည်။ မြတ်စွာဘုရားအတွက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းကြရန်ဖြစ်သည်။ နေ့ကူးသွားလျှင် ရက်လုပ်ထားသော ထိုသင်္ကန်းကို မသိုးသင်္ကန်းဟု မခေါ်ဆိုနိုင်တော့ပေ။ ထို့ကြောင့် ရက်ကန်းရက်လုပ်ကြသည့် လုပျိုဖြူလေးများသည် ချွေးတစ်လုံးလုံးဖြင့် တစ်ညလုံးမမောမပန်း ရက်လုပ်ကြရသည်။ ထိုလုပ်အားဒါနအတွက် အကျိုးတရားကား ရေးသား၍ ကုန်ခမ်းနိုင်မည်မဟုတ်ချေ။

### ဆီမီးထွန်းပွဲတော်

တန်ဆောင်မုန်းလပြည့်နေ့ ညတွင် ကောင်းကင်ယံ၌ မိုးတိမ်ကင်းစင်ပြီး ကြယ်တာရာများစုံညီစွာ ထွန်းလင်းတောက်ပလေ့ရှိသည်။ ရာသီဥတုသည် လွန်စွာသာယာလှပလျက်ရှိသည်။ ထိုသို့မိုးလေကင်းလွတ်သော ညချမ်းတွင် ဗုဒ္ဓအလောင်းတော်၏ ဆံတော်ကို ဌာပနာပြီး တာဝတိံသာနတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက် ဆီမီးများဖြင့် ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။ ထို့ပြင် မြတ်ဗုဒ္ဓကို ရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်း ပစ်ဖောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။ သာဓကအနေဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓကို ရည်မှန်းကာ ညမီးကြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။ မြင်ရသူအားလုံး ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နေအိမ်များတွင်လည်း မြတ်စွာဘုရားကိုရည်မှန်းပြီး ဆီမီးပူဇော်လှူဒါန်းသွားသင့်ပါသည်။ ဆီမီးလှူဒါန်းခြင်းအားဖြင့် အကျိုးများစွာကို ရရှိစေပါသည်။ လက်တွေ့အားဖြင့် ထိုဆီမီးအလင်းရောင်ကို ကြည့်ပြီး ပီတိဖြစ်ရပါသည်။

### မဲဇလီဖူးသုပ်ဝေငှခြင်း

ထို့ပြင် ကြတ္တိကာနက္ခတ်စောင့်နတ်သားသည် တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်သို့ ဆင်းသက်လာသည်ဟုလည်း ယုံကြည်သက်ဝင်ကြသည်။ ထို့ကြောင့် ရှေးယခင်ကတည်းက မင်းနှင့်ပြည်သူတို့သည် ထိုနတ်သားကို ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်ဟုဆိုသည်။ ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အားလာရောက်ခစားကြသည်ဟု ဆိုသည်။ ထို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည်ဟုလည်း ယုံကြည်ယူဆလျက် မဲဇလီဖူးသုပ်ကို ဝေငှအလှူအတန်းပြုကြသည်။ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန် ဝေငှစားသောက်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ပင်ဖြစ်သည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့် ည ၁၂ နာရီတိတိအချိန်ကို ဆေးပေါင်းခသည့်ည၏ အစွမ်းထက်ဆုံး၊ အမြင့်မားဆုံးအချိန်အဖြစ် သတ်မှတ်ကာ မြန်မာတိုင်းရင်းဆေးဆရာကြီးများသည် ဆေးဝါးမျိုးစုံ ဖော်စပ်လေ့ရှိကြသည်ဟု ဆိုသည်။

*စာမျက်နှာ ၂၃ သို့*

*** မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလ ရောက်ပြီဆိုလျှင် ပွဲတော်များစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ ကျီးမနိုးပွဲတော်၊ မဲဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ပုံသကူပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များစွာအပြင် တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလ အခါတော်နေ့လည်းဖြစ်သည်။ ထိုပွဲတော်အားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် အလှူအတန်းနှင့် ဆက်စပ်လျက်ရှိသည်။ အမှန်စင်စစ်မှာမူ မြန်မာတို့၏ စေတနာသဒ္ဓါတရား ထက်သန်ရက်ရောမှုကို ဖော်ညွှန်းနေခြင်းဖြစ်**

*စာမျက်နှာ ၂၂ မှ*

**ပုံသကူအလှူ**

မြန်မာတိုင်းရင်းသားများသည် တန်ဆောင်မုန်းလပြည့်ညတွင် ပုံသကူပစ်၍ အလှူဒါနများကိုလည်း ပြုလုပ်ကြသည်။ ပုံသကူဟူသော ဝေါဟာရသည် ပါဠိဘာသာ "ပံ့သကူလ" မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ အနီးစပ်ဆုံး အဓိပ္ပာယ်သည် ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ပြီး တွေ့ရှိသူက အလိုရှိသလို သုံးစွဲနိုင်သောပစ္စည်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ပုံသကူပစ်ခြင်းသည် ပစ္စည်းဥစ္စာ ပြည့်စုံသူများက ချို့တဲ့သူများ၊ မပြည့်စုံသူများအတွက် ရည်ရွယ်ကာ ပုဂ္ဂိုလ်စွဲမထားဘဲ လိုအပ်သလို အသုံးပြုနိုင်စေရန် ပစ်ထားခြင်းဖြစ်သည်။ သို့သော် တချို့သော မသမာသူများသည် မရှိ ဆင်းရဲသားကလေးငယ်များ၏ အားနည်းချက်အပေါ် အသုံးချတတ်ကြသဖြင့် ပုံသကူပစ္စည်းများ၊ အစားအသောက်များကို ချင့်ချိန်ကောက်ယူ စားသောက်သုံးစွဲသွားသင့်ပါသည်။ သာဓကအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အစွန်းရောက်များသည် ပေါက်ကွဲစေတတ်သော ပစ္စည်းများဖြင့် အပြစ်မဲ့ ပြည်သူများကို တန်ဆောင်တိုင်ပွဲတော်ကာလတွင် အမြတ်ထုတ် အသုံးချလာနိုင်သဖြင့် ပြည်သူများအနေဖြင့် ပုံသကူပစ္စည်းများ ကောက်ယူရာတွင် လုံခြုံရေးသတိ၊ လုံခြုံရေး အသိရှိဖို့ လိုပါသည်။

**စတုဒိသာလှူဒါန်း**

မြန်မာတို့၏ ချစ်စရာကောင်းသော ဓလေ့တစ်ခုမှာ သူတစ်ပါးကို ကျွေးမွေးလှူဒါန်းလိုခြင်းပင်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်ကွက်၊ ကျေးရွာ၊ ဝန်ထမ်းအိမ်ရာများအလိုက် စတုဒိသာလှူဒါန်းပွဲများ၊ နိဗ္ဗာန်ဈေးပွဲတော်များ ပြုလုပ်ကြသည်။ စတုဒိသာဆိုသည်မှာ အရပ်လေးမျက်နှာမှ ရောက်လာသူမှန်သမျှကို အယုတ်အလတ်အမြတ် မရွေး ညှော်ခံကျွေးမွေးခြင်း၊ အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက် လှူဒါန်းကြခြင်းဖြစ်သည်။ တချို့သော ရုံး၊ ဌာနများ၊ ဝန်ထမ်းအိမ်ရာများ၌ အလှူရှင်များစုပေါင်း၍ လှူဒါန်းမည့်ပစ္စည်းများကို ကံစမ်းမဲနှိုက်ယူပြီး မဲဖောက်ပေးခြင်းကို နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ကုသိုလ်ပြုကြသည်။ ပျော်ရွှင်ဖွယ်ရာ ဓလေ့တစ်ခုပင်ဖြစ်သည်။

**မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်**

ဆိုရလျှင် မြတ်ဗုဒ္ဓသည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးအား သာမညဖလသုတ္တန် ဒေသနာတော် (ရဟန်းပြုရခြင်းအကျိုး)ကို ဟောကြားတော်မူခဲ့သည်။ ထို့ပြင် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း ဆက်ကပ်အလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲတော်၊ ဆီမီးထွန်းပွဲတော်၊ မဲဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ပုံသကူပွဲတော်၊စတုဒိသာအလှူပွဲများဖြင့် ထူးခြားလေးနက် စည်ကားလျက်ရှိသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ဟုပင် ဆိုချင်ပါတော့သည်။ ။

**ကိုးကား။ နေ့စဉ်ထုတ်သတင်းစာများ**

# အင်းစိန်မြို့နယ်၌ စာဆိုတော်နေ့အကြို စာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၃**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ် (Book Club) အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ လာမည့်နတ်တော်လစာဆိုတော်နေ့အကြို စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (အင်းစိန်)လူထုအခြေပြုဇာတ်ဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်နိုင်ရေးနှင့် စာဖတ်ဝိုင်းများ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြား၍ အသင်းနာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)နှင့် အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှုခင်း)တို့က အမှာစကားပြောကြားသည်။ ထို့နောက် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို တက်ရောက်လာကြသည့် အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၂) စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ် သံမဏိ-တောင်တွင်းကြီး )က စာရေးဆရာ မောင်ရိုး ရေးသားထုတ်ဝေခဲ့သော "လွမ်းရ တမ်းတပါ့ ငဖဲမြေ" ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့ စာအုပ်ပါ အကြောင်းအရာများ၊ စာရေးဆရာမ ပျိုပျို ယောဂ (သစ်တော)က ယောဂနည်းပညာနှင့် ရောဂါကုထုံးများ အကြောင်းနှင့် မောင်ပန်းဝေ (ညောင်တုန်း)က ဝန်ထမ်းလောကနှင့် ဘဝသံသရာ ကဗျာအကြောင်း စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



မင်းဘူး(စကု)မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းကို စကုမြို့ မြို့မဈေး၌ နိုဝင်ဘာ ၃ ရက်က ကွင်းဆင်း ဆောင်ရွက်ရာ မင်းဘူးမြို့ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုဝေဟိန်းနှင့် တပ်ဖွဲ့ဝင်များ၊ စကုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ပိုင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ သရုပ်ပြခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ ဇေယျာနိုင်(ရွှေကန်မြေ)

# ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး နိုဝင်ဘာ ၁ ရက်က ဒိတ်ကုန်းကျေးရွာအုပ်စုနှင့် ထိန်ကုန်းကျေးရွာအုပ်စုသို့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက ဒိတ်ကုန်းကျေးရွာအုပ်စုနှင့် ထိန်ကုန်းကျေးရွာအုပ်စု အတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် တစ်ကြိမ်တစ်ခါမျှ ကိုင်ဆောင်ခဲ့ခြင်းမရှိသည့် ကျေးရွာနေပြည်သူများအား



အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး

**ဒေးဒရဲ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁ ရက်က စတင်၍ သက်ဆိုင်ရာ ကာကွယ်ဆေးထိုးစုရပ်များ၌ ထိုးနှံပေးလျက်ရှိသည်။

ဒေးဒရဲမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဝန်ထမ်းများက စနစ်တကျမှတ်တမ်းရေးသွင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **အေဇာလင်း**





မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ် ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် နေ့လွှတ်အရုပ်မီးပုံးပျံပြိုင်ပွဲ (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်ဖြစ်သည့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် နေ့လွှတ်အရုပ်များ လွှတ်တင်ယှဉ်ပြိုင်ခြင်း (ဆဋ္ဌမနေ့)အဖြစ် နိုဝင်ဘာ ၂ ရက်က အဝေရာ ကုန်းသာယာကွင်း၌ ဆက်လက်ကျင်းပသည်။



ယင်းနေ့ နေ့လယ်ပိုင်း နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက်များ၊ မြို့နယ်အတွင်းရှိ ရိုးရာမီးပုံးပျံပြိုင်ပွဲဝင် အသင်းများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ခြေနှစ်ချောင်း၊ ခြေလေးချောင်းအမျိုးအစား နေ့လွှတ်အရုပ်မျိုးစုံတို့ဖြင့် တစ်ကောင်ခြင်း၊ အုပ်စုအလိုက် မီးပုံးပျံအလုံးရေ စုစုပေါင်း ၄၄ လုံးအား တပျော်တပါး ယှဉ်ပြိုင်လွှတ်တင်ခဲ့ကြသည်။

ထိုသို့ လွှတ်တင်ပြိုင်ပွဲဝင်ခဲ့ကြရာတွင် ဒိုင်နိုဆောရုပ် ငါးလုံး၊ ဟင်္သာ သုံးလုံး၊ သင်းကွဲငှက်ရုပ် သုံးလုံးတို့ကို အုပ်စုလိုက်ယှဉ်ပြိုင်ပြီး အောက်ချင်းငှက်၊ ဆက်ရက်၊ စာကလေး၊ ပဉ္စရူပအရုပ်နှင့် အာဖရိကဆင် နေ့လွှတ်အရုပ်များကို တစ်ကောင်ချင်းစီ အကောင်ရေ စုစုပေါင်း အလုံး ၂၀ လွှတ်တင်ပြိုင်ပွဲဝင်ခဲ့ကြသည်။

"တန်ဆောင်တိုင် အရုပ်ပြိုင်ပွဲ မကျင်းပမီ လွန်ခဲ့တဲ့ သုံးလ၊ လေးလကတည်းက အရုပ်ဖန်တီးခြင်း၊ ဆေးရောင်စုံခြယ်ခြင်းနဲ့ လိုအပ်တဲ့ယမ်း အစရှိတာတွေ ရှာဖွေဝယ်ယူစုဆောင်းမှုကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြရပါတယ်။ ပြီးတော့ ကျွန်တော်တို့ လွှတ်တင်ယှဉ်ပြိုင်ခဲ့တဲ့ တိရစ္ဆာန် အရုပ်ပေါင်းစုံတွေမှာ ကုန်ကျစရိတ် အနည်းဆုံးအကောင်က ငွေကျပ် တစ်သိန်း ရှစ်သောင်းကနေ ငွေကျပ်သုံးသိန်းခွဲ၊ လေးသိန်းအထိ ရှိပါတယ်။ နှစ်စဉ်ပြိုင်ပွဲ ဝင်ပါတယ်၊ ဆုတွေလည်း ရခဲ့ဖူးပါတယ်၊ ဒီနှစ်ထဲလည်း ဆုထပ်မံဆွတ်ခူးရရှိနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်" ဟု ပြိုင်ပွဲဝင်အဖွဲ့ခေါင်းဆောင် ဦးချစ်ကိုကိုက ရှင်းလင်းပြောကြားသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲရက် မတိုင်မီ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နေ့လွှတ်အရုပ်ပေါင်း ၂၇၃ လုံး၊ ပြိုင်ပွဲကျင်းပပြီးစီးခဲ့ပြီး ပွဲတော်နောက်ဆုံးရက်အထိ နေ့လွှတ် အရုပ်မီးပုံးပျံ စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပရာသို့ မီးပုံးပျံပညာရှင်များ၊ ပြိုင်ပွဲဝင်အသင်းအဖွဲ့များနှင့် မြို့နယ်အသီးသီးမှ လာရောက်ကြည့်ရှုကြသည့် ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံ

**တိုက်ကြီး နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များအားလုံး ကာကွယ်ဆေးများ အပြည့်အဝရရှိစေရန် ရည်ရွယ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကာ ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး၊ ထိုးနှံခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေး၊ ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းစုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမ ဒေါ်မိုးပပနှင့် ကျန်းမာရေးဝန်ထမ်းများက ရှမ်းစုရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ ပိုလီယိုရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး တိုက်ကျွေး၊ ထိုးနှံခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



# နန်းယွန်းမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်း ဖွင့်ပွဲကျင်းပ

**နန်းယွန်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နန်းယွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး နန်းယွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခေါင်းပေါ့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆိုင်ကယ်ပြုပြင်နည်း သင်တန်းကို နန်းယွန်းမြို့နယ် ဟာဝါးကျေးရွာ၌ နိုဝင်ဘာ ၃ ရက်မှ ၃၀ ရက်အထိ ၂၈ ရက်ကြာ သင်တန်းသား ၂၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ တစ်အိမ်ထောင်လျှင် သစ်မာတစ်ပင်စိုက်ပျိုးခြင်း အကောင်အထည်ဖော်ဆောင်ရွက်

**ကျောင်းကုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဇျိုက်အုပ်စု အနောက်စုကျေးရွာ၌ တစ်အိမ်ထောင်လျှင် သစ်မာတစ်ပင်စိုက်ပျိုးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ဇျိုက်အုပ်စု အနောက်စုကျေးရွာရှိ အိမ်ထောင်စု ၁၁၀ အတွက် သစ်မာပင်မျိုးဖြစ်သည့် ပျဉ်းကတိုး ၁၁၀ အား ကျောင်းကုန်းမြို့နယ် သစ်တောတာဝန်ခံ တောအုပ် ဦးလေးအောင်က ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် အိမ်ရှင်တို့က လက်ခံရယူစိုက်ပျိုးခဲ့ကြသည်။



အလားတူ ခရိုင်ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ကျောင်းကုန်းသုံးခွ-ကျုံပျော်လမ်း မိုင်တိုင်အမှတ် ၃/၀ နှင့် ၃/၁ ကြားတွင် လမ်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မန်ဂျန်ရှား အပင် ၁၀၀ စိုက်ပျိုးခဲ့ ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# သာကေတမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့အကြောင်း ဆွေးနွေးပွဲကျင်းပ

**သာကေတ နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ တန်ဆောင်မုန်းလပြည့်နေ့ (Talk Show) ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်နွယ်နီဦးက တန်ဆောင်မုန်းလပြည့်နေ့ (Talk Show)ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း၊ စာရေးဆရာမနန်းဟင်းပြင်းက တန်ဆောင်မုန်းလပြည့်နေ့ နေ့ထူးနေ့မြတ်အကြောင်း၊ တန်ဆောင်တိုင်ပွဲတော်သည် မြတ်စွာဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်သည့် ပွဲနှင့်ကထိန်သင်္ကန်းကပ်လှူခွင့်ရသောနေ့ဖြစ်ကြောင်း၊ မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော်တရားဟောကြားတော်မူသော နေ့ထူးနေ့မြတ်ကို ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

# မိုးစပါး အောင်နိုင်တိုး စံကွက်ရိတ်သိမ်း ကွင်းသရုပ်ပြပွဲကျင်းပ



**ဟုမ္မလင်း နိုဝင်ဘာ ၃**

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအောင်နိုင်တိုး စံကွက်ရိတ်သိမ်းကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် နားနုံးကျေးရွာ တောင်သူ ဦးအောင်စိုးလွင် ကွင်းအမှတ်(၆၂)၊ ဦးပိုင်အမှတ် (၇၃) နားနုံးပါမလုံလယ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးက မိုးစပါးအောင်နိုင်တိုး စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူ ဦးအောင်စိုးလွင်၏ မိုးစပါးအောင်နိုင်တိုး စိုက်ခင်း ၀ ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့ရာ စံကွက်အထွက် ၁၄ တင်း၊ တစ်ဧက အထွက်နှုန်း အစိုတင်း ၁၄၀ ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) မှ ပွဲစဉ် ကိုးပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အာဆင်နယ်က ချက်ဇ်ကလပ် စလာဗီရာ၊ လီဗာပူးက ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီက ဘိုင်ယန်မြူးနစ်တို့ ဆုံတွေ့တဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကို လီဗာပူးခံစစ် ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး


■ လူးကပ်စ် ပရိုဗော့ဒ်

### စလာဗီရာ VS အာဆင်နယ် နံနက် ၁၂း၁၅

ချက်ဇ်ကလပ် စလာဗီရာက ချန်ပီယံလိဂ်မှာ သုံးပွဲကစားပြီး နိုင်ပွဲမရသေးဘူး။ ပြိုင်ဘက်အာဆင်နယ်က သုံးပွဲကစားပြီး သုံးပွဲစလုံး နိုင်ပွဲရထားတယ်။ ဒါ့အပြင် အာဆင်နယ်က အဲ့ဒီသုံးပွဲမှာ တိုက်စစ်က ရှစ်ဂိုးရပြီး ပေးဂိုးခွင့်ပြုထားရခြင်း မရှိဘူး။ စလာဗီရာအသင်းက နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာ သေချာပေမယ့် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်း သာလွန်မှုရှိတဲ့ အာဆင်နယ်အသင်းကို အနိုင်ယူဖို့ မလွယ်ဘူး။ စလာဗီရာအသင်းအနေနဲ့ အမြင့်ဆုံး အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိပြီး အာဆင်နယ်အသင်း ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။


■ ဗစ်တာယိုကာရက်စ်


■ ဒိုမီနစ်ခ် ဆဘော့ဆလိုင်း

### လီဗာပူး VS ရီးရဲမက်ဒရစ် နံနက် ၂း၃၀

အသင်းကြီးနှစ်သင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဒီနှစ်သင်း နောက်ဆုံးလေးကြိမ်ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်မှာ ရီးရဲမက်ဒရစ်အသင်းက အသာရထားပြီး သုံးကြိမ်အထိ အနိုင်ရထားတယ်။ လတ်တလောခြေစွမ်းမှာလည်း ရီးရဲမက်ဒရစ်အသင်းက အတက်ဘက်ရောက်နေပြီး လီဗာပူးအသင်းက အကျဘက်ရောက်နေတယ်။ လီဗာပူးအသင်းကစားပုံ ထက်မြက်မှုရှိခဲ့သော်ငြား ရီးရဲမက်ဒရစ်အသင်းရဲ့ တိုက်စစ်ကို ပွဲချိန်ပြည့်တဲ့အထိ ဟန့်တားဖို့ မလွယ်ဘူး။


■ အမ်ဘာပေ


■ နူနိုမန်းဒက်စ်

### ပီအက်စ်ဂျီ VS ဘိုင်ယန်မြူးနစ် နံနက် ၂း၃၀

တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်း တည်ငြိမ်ပြီး ရာနှုန်းပြည့် နိုင်ပွဲဆက်နေတဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိပြီး နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်းစလုံးမှာ ပွဲရလဒ်အဖြေကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေ အများရှိတာကြောင့် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်တဲ့အသင်းထက် ရရှိလာတဲ့အခွင့်အရေးကို မလွတ်တမ်းအသုံးချပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့အသင်းသာ နိုင်ပွဲရဖွယ်ရှိတယ်။


■ ဟာရီကိန်း

## Paris Masters ပြိုင်ပွဲ အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ဆင်းနား အနိုင်ရဗိုလ်စွဲ

Paris Masters အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် နိုဝင်ဘာ ၂ ရက်က ကမ္ဘာ့နံပါတ် (၂) အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ဆင်းနားနှင့် ကနေဒါ တင်းနစ်ကစားသမား ဖီးလစ်အူဂါအလီယာဆီမီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆင်းနားက ၆-၄၊ ၇-၆ (၇-၄) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆင်းနားသည် အဆိုပါ နိုင်ပွဲကြောင့် ကမ္ဘာ့နံပါတ် တစ်နေရာကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။ ဆင်းနားသည် ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၃) ရှိ ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါး ဇီဗာရက်ဗ်ကို ၆-၀၊ ၆-၁ ရလဒ်ဖြင့် အနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် အလီယာဆီမီကို ထပ်မံအနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည့်အတွက် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။



## အေစီမီလန်က ပါဗလိုဗစ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ရိုးမားကို အနိုင်ရ

အီတလီစီးရီးအေပွဲစဉ် (၁၀) အဖြစ် နိုဝင်ဘာ ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်နှင့် ရိုးမားအသင်းပွဲစဉ်တွင် အေစီမီလန်အသင်းက ပွဲကစားချိန် ၃၉ မိနစ်တွင် ရရှိခဲ့သော ပါဗလိုဗစ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရိုးမားအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် အေစီမီလန်အသင်းကို ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်ကို ကျော်ဖြတ်နိုင်စွမ်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အေစီမီလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် စီးရီးအေ ၁၀ ပွဲကစားပြီး ရမှတ် ၂၁ မှတ်ဖြင့် အဆင့် (၃) နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။

စီးရီးအေ ပွဲစဉ် (၁၀) အပြီးတွင် အမှတ်ပေးဇယားကို နာပိုလီအသင်းက ရမှတ် ၂၂ မှတ်ဖြင့် ဦးဆောင်ထားသည်။ ယင်းနောက်တွင် အင်တာမီလန်အသင်းက ရမှတ် ၂၁ မှတ်ဖြင့် အနီးကပ် ဖိအားပေးလျက်ရှိသည်။


■ ဆာဘာယ်လင်ကာ

## WTA Finals အုပ်စုအဆင့်အဖြစ် ဆာဘာယ်လင်ကာနှင့် ပဲဂူလာတို့ ယှဉ်ပြိုင်ကစားမည်

WTA Finals အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ အုပ်စုအဆင့်အဖြစ် ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာဆာ ဘယ်လင်ကာနှင့် ကမ္ဘာ့အဆင့် (၅) ရှိ အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာတို့ နိုဝင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဆာဘာယ်လင်ကာသည် နိုဝင်ဘာ ၂ ရက်က ကမ္ဘာ့အဆင့် (၈) အီတလီတင်းနစ်မယ် ပါအိုလီနီနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ၆-၃၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ ပြိုင်ဘက် ပဲဂူလာက တစ်နိုင်ငံတည်းသူ ပြင်သစ်အိုးပင်း ချန်ပီယံ ကိုကိုဂေါ့ဖ်ကို အကြိတ်အနယ်ကစားကာ ၆-၃၊ ၇-၆ (၇-၄)၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။

ဆာဘာယ်လင်ကာသည် ပြီးခဲ့သည့် ငါးနှစ်တွင် WTA Finals ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့သော်လည်း ဆုဖလားရယူထားနိုင်ခြင်း မရှိပေ။ ၂၀၂၂ ခုနှစ်တွင် နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိခဲ့သော်လည်း ပြင်သစ်တင်းနစ်မယ် ကာရိုလိုင်း ဂါစီယာကို ရှုံးနိမ့်ထားသည့်အတွက် ဖလားကိုင်မြှောက်ခွင့် လွဲချော်ထားသည်။

ပြိုင်ဘက် ပဲဂူလာသည်လည်း ၂၀၂၃ ခုနှစ်က WTA Finals ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ သို့သော်လည်း ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ကို ရှုံးနိမ့်ထားသည့်အတွက် ဆုဖလားကိုင်မြှောက်အောင်ပွဲခံခွင့် လွဲချော်ထားသည်။

## တူချယ်အနေဖြင့် ဝဲလ်ဘတ်ကို ကစားသမားစာရင်းသို့ ပြန်လည်ခေါ်ယူသင့်တယ်လို့ ရွန်းနီပြော



အင်္ဂလန်နည်းပြ သောမတ်စ်တူချယ်အနေဖြင့် ဘရိုက်တန်တိုက်စစ်ကစားသမား ဒန်နီဝဲလ်ဘတ်ကို အင်္ဂလန်ကစားသမားစာရင်းသို့ ပြန်လည် ခေါ်ယူသင့်ကြောင်း ဝိန်းရွန်းနေက ပြောသည်။

တူချယ်သည် ယခုလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆားဘီးယား၊ အယ်လ်ဘေးနီးယားတို့နှင့် ယှဉ်ပြိုင်ကစားမည့် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာတော့မည် ဖြစ်သည်။ ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၀ ပွဲတွင် ခြောက်ဂိုး သွင်းယူထားသည့် အသက် ၃၄ နှစ် အရွယ် ဝဲလ်ဘတ်သည် အင်္ဂလန်အသင်းအတွက် ၂၀၁၈ ခုနှစ်က ဆွစ်ဇာလန်နှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် နောက်ဆုံးကစားထားကြောင်း သိရသည်။

ဝဲလ်ဘတ်သည် ၂၀၂၆ ကမ္ဘာ့ဖလားမတိုင်မီတွင် အသက် ၃၅ နှစ်ပြည့်တော့မည် ဖြစ်သည်။ ၎င်းသည် အင်္ဂလန်အသင်းအတွက် ကွင်းတွင်း ကွင်းပြင်မှာပါ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ရွန်းနီက ပြောသည်။

ဝဲလ်ဘတ်သည် အင်္ဂလန်အသင်းအတွက် ၄၂ ပွဲ ပါဝင်ကစားထားပြီး ၁၆ ဂိုးသွင်းယူပေးထားသည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

# မြိတ်မြို့၌ ၂၀၂၅ ခုနှစ် တူယှဉ်နွဲပျော်တန်ဆောင်တိုင်ပွဲတော် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



မြိတ် နိုဝင်ဘာ ၃

**မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ ၂၀၂၅ ခုနှစ် တူယှဉ်နွဲပျော်တန်ဆောင်တိုင် ပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် ကမ်းနားလမ်း SEA VIEW CONDO ရှေ့၌ နိုဝင်ဘာ ၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ဦးစွာ ၂၀၂၅ ခုနှစ် တူယှဉ်နွဲပျော်တန်ဆောင်တိုင် ပွဲတော်ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦး နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မိုးပျံပူဖောင်းအလုံး ၁၀၀၊ မီးပုံးပျံ ၁၀၀ တို့ကို မြိတ်ကမ်းနားလမ်းတစ်လျှောက်တွင် လွှတ်တင်ခြင်းနှင့် အလှမီးရှူးမီးပန်းများ ပစ်လွှတ်ခဲ့ကြသည်။ အဆိုပါ မြိတ်မြို့ ကမ်းနားလမ်း၌ ၂၀၂၅ ခုနှစ် တူယှဉ်နွဲပျော်တန်ဆောင်တိုင်ပွဲတော်တွင် မိုးပျံပူဖောင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်း၊ အလှမီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းများအပြင် တေးဂီတဖျော်ဖြေရေး အစီအစဉ်များနှင့် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်သူ ဒေသခံပြည်သူများ များပြားသဖြင့် ကမ်းနားလမ်းတစ်လျှောက်တွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် နံနက်ပိုင်းတွင် ကထိန်စုပေါင်း မဟာဘုံကထိန်ပဒေသာပင်များ လှည့်လည်ပူဇော်ပွဲကို နံနက်ပိုင်းက မြိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း စည်ကားသိုက်မြိုက်စွာဖြင့် လှည့်လည်ပူဇော်ခံလျက်ရှိကြောင်းနှင့် ယခုနှစ် မြိတ်မြို့၌ ကျင်းပသည့် တူယှဉ်နွဲပျော်တန်ဆောင်တိုင် ပွဲတော်အခမ်းအနားကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက် အထိ ကမ်းနားလမ်းတစ်လျှောက်တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်၌ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်တွင် တည်ထားကိုးကွယ်သော နဂါးရုံမဟာဗောဓိစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့၏ (၅၅) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော် ပညာဓိက တန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲအား သဒ္ဓမ္မဝံသာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒဝံသ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင် ဦးနိုင်ဝင်းကျော်၊ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် နဂါးရုံမဟာဗောဓိ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်တို့က ဖဲကြိုးဖြတ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လေးနှင့် စေတီတော်ဂေါပကအဖွဲ့မှ ဦးညီညီမောင်တို့က အောင်စည်အောင်မောင်းတီးကာ ဖွင့်လှစ်ပေးသည်။ ထို့နောက် နဂါးရုံမဟာဗောဓိစေတီတော်အတွင်း တည်ထားကိုးကွယ်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ကပ်လှူပူဇော်မည့် မသိုးသင်္ကန်းများကို ရက်ကန်းစင် ငါးစင်ဖြင့် ရွာသစ်၊ ကျောက်ပုံ၊ ညောင်ပင်လှိုု၊ ကက္ကူကန်နှင့် သရက်တန်း ကျေးရွာများမှ ရက်ကန်းအဖွဲ့များက ရက်လုပ်ကြရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ရက်လုပ်ရရှိသော သင်္ကန်းများကို မီးကင်ခြင်း၊ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ခြင်းများဆောင်ရွက်ပြီး နိုဝင်ဘာ ၄ ရက် အရုဏ်မတက်မီအချိန်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ကပ်လှူပူဇော်သွားမည်ဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့်အတူ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကောဒသမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) တပ်မတော်ထောက်ပံ့နှင့်ပို့ဆောင်ရေးကျောင်း(တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသား ၁၁၇ ဦးတို့သည် နိုဝင်ဘာ ၂ ရက်က အမှတ်(၃)စစ်မြေပြင်ဆေးတပ်ရင်း၌ ကောဒသမအကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**တောင်ငူ(ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ ပူးပေါင်း၍ Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်တည်ဆောက်ပြီးစီး

**မန္တလေး နိုဝင်ဘာ ၃**



မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ထိန်ကုန်းရပ်ကွက်ရှိ မြေရိယာ ၁ ဒသမ ၅၀၈၈ ဧကပေါ်တွင် Royal Ruby Flower တန် ၁၅၀ ကျဆန်စက်ကို တည်ဆောက်ပြီးစီးခဲ့သဖြင့် နိုဝင်ဘာ ၂ ရက် ညနေပိုင်းက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ Agri Sun ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့များသည် စက်ရုံစမ်းသပ် လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆန်စက်သည် တစ်နေ့ တန် ၁၅၀ ကျဖြစ်ပြီး စပါးများ သဲခွဲခြင်း၊ ကျောက်ခွဲခြင်း၊ စပါးခွဲခြင်း၊ ဆန်ကြိတ်ခွဲခြင်း၊ ဆန်ဖြူပြုလုပ်ခြင်း၊ ဆန်အရွယ်အစား ခွဲခြားခြင်း၊ အရောင်ခွဲခြင်း၊ အိတ်သွင်းခြင်း စသည့်ထုတ်လုပ်မှုအဆင့်ခုနစ်ဆင့်ရှိပြီး ဈေးကွက်အဆင့်မြင့်ဆန်များ ရရှိစေရန် ကြိတ်ခွဲပေးနိုင်သည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပန်းရိုးမသောက်ရေသန့်စက်ရုံသို့ သွားရောက်၍ တစ်ရက်လျှင် လီတာ ၂၀ ဘူး (၈၀၀ မှ ၁၀၀၀)၊ တစ်လီတာဘူး (၃၀၀၀ မှ ၅၀၀၀) ထုတ်လုပ်ရောင်းချမှု၊ တစ်လီတာ ပလတ်စတစ်ဘူးခွံများ ထုတ်လုပ်မှုများကို ကြည့်ရှုပြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီ သမဝါယမအသင်းတို့ အကျိုးတူ ဆောင်ရွက်သည့် မန္တလေး နို့ချက်စက်ရုံသို့ ရောက်ရှိပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ သဘာဝမြေသြဇာများ ထုတ်လုပ်ရောင်းချနေမှုများကို ကြည့်ရှုခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

## ကျွန်းလှမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေး

**ကျွန်းလှ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးကောင်းမွန်ပြီး ရောဂါဘယကင်းရှင်းရန် ရည်ရွယ်၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကိုယ်အလေးချိန်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကလေးအနေအထား မှန်မမှန်စစ်ဆေးပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများကို အပတ်စဉ် ဆောင်ရွက်ပြီး ကျန်းမာရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**





## မိုင်းယောင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**မိုင်းယောင်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ လူငယ်ရေးရာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ အမှုရေးဖွင့်စုံစမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ထော်ကန္တတ်ကျေးရွာရှိ မြို့ဝင်စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဝါးခယ်မမြို့နယ် အောင်လှိုင်ကြီးကျေးရွာနေ မျိုးမင်းဆွေ(ခ) မင်းမင်း ၄၇ နှစ်အား စစ်ဆေးရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် မောင်ကံ(ခ)ဖိုးကံ ထံသို့ Messenger မှတစ်ဆင့် ဆက်သွယ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအား နှောင့်ယှက်ဖျက်ဆီးရမည်ဟု ရေးသားပေးပို့ထားသည်ကို တွေ့ရှိရသဖြင့် ဝါးခယ်မမြို့မရဲစခန်း(ပ)၉၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ရှေ့လမ်းဘေးတွင် စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီမှ ဘားအံမြို့နယ်၊ မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောမြင့်ဦး၏ ဓာတ်ပုံနှင့် စာသားပါ ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲခဲ့သူ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်နေသူများဖြစ်ကြသည့် ထွန်းထွန်းဝင်း ၃၁ နှစ်နှင့် ဖြိုးမင်းသန့် ၁၅ နှစ်တို့အား ဘားအံမြို့မရဲစခန်း(ပ)၁၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်စွာပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင် (မြောက်)ကျေးရွာနေ ဦးသိန်းဆွေဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် နှစ်ဦးတို့သည် မဲပေးခွင့်ရှိသူများ မကျန်ရှိစေရေးစိစစ်ပြုစုရန် ရခိုင်ချောင်(မြောက်)ကျေးရွာရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား တွေ့ဆုံရန် YGN-9 2M/xxxx TOYOTA ALPHARD အမျိုးအစားယာဉ်ဖြင့် လာရောက်စဉ် ရခိုင်ချောင်(မြောက်)ကျေးရွာ ရွာလယ်လမ်းအရောက်၌ ဘက်ထရီစက်ဘီးစီးနင်းလာသော တစ်ရွာတည်းနေ ကျော်သီဟန်(၄၆)နှစ်မှ ဦးသိန်းဆွေဦး၏ မော်တော်ယာဉ်ရှေ့တွင်စက်ဘီးဖြင့် ပိတ်ရပ်ကာ ညစ်ညမ်းစွာ ဆဲဆိုခြိမ်းခြောက်ခြင်းများပြုလုပ်ပြီး လက်သီးဖြင့် အကြိမ်ကြိမ်ထိုးကြိတ်ခဲ့သဖြင့် ဦးသိန်းဆွေဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ကျော်သီဟန်အား နိုဝင်ဘာ ၁ ရက်တွင် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်း (ပ) ၃၂/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ အောက်တိုဘာ ၃၁ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေး ဇာတ်လမ်းတိုနှင့် ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် Hanni Linn (Be Bee)Facebook Account ပိုင်ရှင်ဖြစ်သူ တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် နယ်မြေ(၉)နေ သန်းသန်းစိုး(ခ) ဟန်နီလင်း ၃၁ နှစ် အား တောင်ကြီးနယ်မြေရဲစခန်း (ပ) ၁၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း၊

အလားတူနိုဝင်ဘာ ၁ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေးဇာတ်လမ်းတိုနှင့် ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် Ju Ju (Ju Yati Ko) Facebook Account ပိုင်ရှင်ဖြစ်သူ ဂျူးရတီကိုအား ကမာရွတ်မြို့မရဲစခန်း(ပ)၂၆၃/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရွေးကောက်ပွဲ အကျိုးပြုပညာပေးဇာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် Kyawat Hsu Latt Facebook account ပိုင်ရှင်ဖြစ်သူ ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်နေ ကျော့ဆုလတ်(၃၂)နှစ်အား ပုသိမ်နယ်မြေ ရဲစခန်း (ပ) ၁၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၇ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၉၈၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် ရွှေတောင်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၈၀၁ တန်၊ သစ်မာ ၅ ဒသမ ၆၁၁ တန်၊ အခြားသစ် ၁၁ ဒသမ ၈၇၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၆၅၆၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်တွင် အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်၊ ၃၀ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၉၅၄၁၆၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက် မွေးပညာသင်တန်းကျောင်း (Japan - Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသား များကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ (အပိုဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်းမပါဝင်ပါ)
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)
- (င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်))
- (စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))
- (ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))
- (ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))
- (ဈ) စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာ(ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်း ကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ် စာရင်း (မူရင်း)။
- (ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။
- (င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။
- (စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**




ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးနှင့်မီးဘေးကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်းကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရဆွေ ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးစဉ်။ ၂၂၁

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5586 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်နှင့် ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနာယကကြီးဖြစ်သော စာရေးဆရာကြီး ဒေါက်တာမြင့်သန်း(ညောင်လေးပင်) သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်တွင် နိုင်ငံတော်မှချီးမြှင့်သော ၂၀၂၄ ခုနှစ်အတွက် သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် မူးယစ်ဆေးစွဲခြင်းဆိုင်ရာ သိပ္ပံပညာစာအုပ် (ရှင်မတောင်စာပေ)ဖြင့် "အမျိုးသားစာပေဆု" ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း။

**ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်း**

## ရောဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ကန့်သတ်မှုမရှိသောတင်ဒါ (အိတ်ဖွင့်တင်ဒါ)ခေါ်ယူခြင်း

၁။ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသော တံကြီးကုန်းလမ်းဘေးရေမြောင်း ကျောက်စီမြေထိန်း ပြုလုပ်ခြင်း လုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တံကြီးကုန်းလမ်းဘေးရေမြောင်း (၇၈၉'x၈'-၆") ကျောက်စီ မြေထိန်းနံရံပြုလုပ်ခြင်း

၂။ **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၂၅ရက်(ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၁၁-၂၀၂၅ရက်၊ (ဗုဒ္ဓဟူးနေ့)
**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ပုသိမ်မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံး၊ ပုသိမ်မြို့

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၂-၂၀၂၂၀၀၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၁၅၀)၊ ပေ(၄၀ x ၆၀) ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်ထွန်း (TKI-၀၆၁၆၁၉) အမည်ပေါက်မြေချပါမစ်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန္ဒာကျော် ၁၂/ကမတ(နိုင်)၀၀၀၂၆၂ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဇာနည်စိုး မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ပေးစာချုပ်ချုပ်ဆိုပြီး စရန်ငွေပေးထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်အေးအေးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းဇင်စိုး(LL.B)တရားလွှတ်တော်ရှေ့နေ (စဉ် -၁၉၂၅၄)**
**အမှတ်(၁၀၄၄)၊ မဟာဗန္ဓုလလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**ဖုန်း-၀၉-၂၆၁၂၁၂၀၇၂**

## အများသိစေရန်အသိပေးကြေညာခြင်း

သစ္စာဥယျာဉ်ကုမ္ပဏီလီမိတက် (မှတ်ပုံတင်အမှတ်-၁၁၁၉၆၃၉၄၀) မှ Mr. Damien LAGANDRE သည် မိမိဆန္ဒအလျောက် ၎င်း၏ဒါရိုက်တာအဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခဲ့ပါသည်။

အဆိုပါနေရာလစ်လပ်မှုအတွက် Mr. Baptiste LARNAUDIE အား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အသစ်အဖြစ် ခန့်အပ်လိုက်ပါကြောင်း အများပြည်သူသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

**သစ္စာဥယျာဉ်ကုမ္ပဏီလီမိတက်**

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကျေးတောစုကျေးရွာ၊ ကုက္ကိုင်းအုပ်စု၊ ကွင်းအမှတ်(၁၃၂၆)၊ ဦးပိုင်အမှတ်(၂/၅)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၁၁ဧက (အလျား ပေ၁၂၀ x အနံ ပေ၄၀)ခန့်ရှိရွာမြေကို ကျွန်ုပ်၏မိတ်ဆွေ ဦးလှမိုး ၅/အတန(နိုင်)၀၀၄၄၃၂သည် ၂၀၂၅ခုနှစ် မတ်လ ၄-ရက် ရက်စွဲပါ နှစ်ဦးသဘောတူ ရွာမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ယခုအချိန်ထိ တရားဝင်လက်ရှိထားပိုင်ဆိုင်ခဲ့သဖြင့် ဒိုက်ဦးမြို့နယ် မြေစာရင်းရုံး ပြေစာတွင်-G မြေအဖြစ်ဖော်ပြထားပြီး ဦးလှမိုး အမည်ပေါက် ပြေစာထွက်ရှိခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ မသမာသူလူတစ်ချို့မှ ကျွန်ုပ်မိတ်ဆွေ၏ လက်ရှိထားသည့် ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်အပေါ် မမှန်မကန်ပြောဆိုဆောင်ရွက်မှုများရှိနေကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် မြေကွက်နှင့် သက်ဆိုင်သည့် မူရင်းစာရွက်များ ယူဆောင်လာပြီး မည်သူမဆို ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြတ်မိုး(LL.B)(စဉ်-၁၉၃၄၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၅၈၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၉)ရပ်ကွက်၊ ဆရာစံ(၁)လမ်း၊ မြေကွက်အမှတ် (၇၃၃)၊ အကျယ်အဝန်းပေ(၄၀x၆၀) အတွင်းမှတရားဝင်မခွဲစိတ်ရသေးသောပေ(၂၀x၆၀)ရှိသော ဦးကျော်မင်း အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဒေါ်နေနွယ်ဝင်း၁၄/မအန(နိုင်)၁၀၈၈၁၈ထံမှ ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဦး၉/ပကခ(နိုင်)၁၁၈၇၆၉ မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းဦး ၉/ပကခ(နိုင်)၁၁၈၇၆၉၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် LL.B, D.I.L, WIPO(Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၁၁၂)**
**အမှတ်(၄/၄၃) မြို့ပတ်လမ်း၊ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉ - ၄၅၁၆၆၁၆၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁-ဃ/လွယ်ကန်မိန်းရပ်)၊ ဦးပိုင်အမှတ်(၉/ဃ၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကရှိမြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ် ၉၂၄-၅/၁၉၉၈-၁၉၉၉(အေ)၊ ဦးအိုက်မောင်၊ LSO-၁၁၁၁၅၃ အမည်ပေါက် မြေငှားဂရန်အား ဦးစိုင်းပိုင်ပိုင်လင်း ၁၃/လရန(နိုင်)၀၀၆၀၇၇ အား လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၁၅-၁၂-၂၀၂၃ရက် ရက်စွဲပါစာအမှတ် ၄/၆-၄(၀၄၄)/ဦး၁(အထဥ) ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ပြုထားပြီး ဦးပိုင်ခွဲစိတ်ခွင့်ရ အသစ်လျှောက်မြေငှားဂရန် လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ဦးစိုင်းပိုင်ပိုင်လင်း ၁၃/လရန(နိုင်)၀၀၆၀၇၇ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရအသစ် မြေငှားဂရန် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကျန်စစ်သား(၁)လမ်း၊ အကွက်အမှတ်(၂-ရပ်ကွက်) မြို့မ၊ ဦးပိုင်အမှတ်(၈/၁၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကို ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၉-၄-၂၀၁၉ ရက်၌ ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၉)ဆုံးဖြတ်ချက်၄(က)၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၇-၂-၂၀၂၅ ရက်စွဲပါစာဖြင့် ဌာနအမည်ပေါက် မြေလွှဲအမိန့်ရရှိရေးဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန၏ အုပ်ချုပ်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာသဘောတူညီချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး၏ ၃၀-၇-၂၀၂၅ ရက်စွဲပါစာဖြင့် မြေလွှဲအမိန့်ရရှိခွင့်ပြုပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားစာတို့ကို မြေပိုင်မှုအထောက်အထားတင်ပြ၍ ဒေါ်ဆုသီရိမွန် ( မြို့နယ်ဦးစီးမှူး၊ ကျေးလက်လမ်းဖွံ့ ဖြိုးရေးဦးစီးဌာန)မှ အခမဲ့မြေလွှဲအမိန့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အခမဲ့မြေလွှဲအမိန့်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောင်းကုန်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)ဦးပိုင်အမှတ်(၉၅)၊ ဧရိယာ ၀ ဒသမ ၀၆၉ဧကမြေငှား လိုင်စင်အမှုတွဲအမှတ် ၄၅၅-၅/၉၇-၉၈(စီ) ဒေါ်တင်ရီ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်မွဲယဉ်ယဉ်အေး သို့ အထူးကိုယ်စားလှယ်လွှဲအပ်ကာ စာချုပ်အမှတ် ၅၂၂၊/၂၀၂၃ဖြင့် ဒေါ်ဆိုင်ဟွာ(ခ)ဆိုက်ဟွင် ၉/မကန(နိုင်)၀၅၈၉၀၉မှ ဝယ်ယူပိုင်ဆိုင်ပြီး အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ဆိုင်ဟွာ(ခ)ဆိုက်ဟွင် အမည်ပေါက်မြေငှားလိုင်စင်အမှုတွဲအမှတ် ၄၅၅-၅/၉၇-၉၈(စီ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်ဆိုင်ဟွာ(ခ)ဆိုက်ဟွင်အမည်ဖြင့် အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## မကွေးမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၈

| | | |
|---|---|---|
| ဦးဟိန်းအောင် | နှင့် | ဒေါ်သန္တာလင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ United Condo ပထမထပ်နေ (ဘ) ဦးဟန်လင်း၏ သမီးဖြစ်သူ တရားပြိုင် ဒေါ်သန္တာလင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမှ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးတော်သို့ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည် ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မကွေးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၆၅)ဟုခေါ်တွင်သော အလျား(၄၀)ပေxအနံ(၆၀)ပေ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၌ ဦးသိန်းတန်၁၂/ဥကမ(နိုင်)၀၁၈၆၄၆ အမည်ဖြင့် ယနေ့တိုင်မှတ်သားတည်ရှိသည့် မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်အနက်မှ အလျား(၁၀)ပေxအနံ(၆၀)ပေ (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်တစ်လုံးကိုရောင်းချသူ ဒေါ်ဖြူဖြူဝင်း ၁၂/ဥကမ(နိုင်)၁၉၂၀၅၈ က တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ယင်းမြေကွက်နှင့်နေအိမ်ကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝေ ၁၁/ပဏတ(နိုင်)၀၆၈၆၂၂ ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြသီတာ(LL.B, D.B.L, D.I.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၉၁)**
**အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၅၂၄၃၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/86463 New Xeros 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ထွန်း ၈/ရစက(နိုင်)၂၀၂၅၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/17717 TTS 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ထွန်း ၈/ရစက(နိုင်) ၂၀၂၅၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၁၈)၊ ဦးမြူလမ်း၊ အမှတ်(၉၁၄)၊ အကျယ်အဝန်းပေ(၄၀'x၆၀')ရှိသည့် မြေကွက်နှင့် ဦးမြလေးလွင် (LL/RGN-၀၂၈၂၃၅)အမည်ပေါက် မြေချပါမစ်(၃)စုံတို့အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍
## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးလှစိန် ၁၂/ဥကတ(နိုင်)၀၀၂၉၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းထွေး ၁၂/ဒဂတ(နိုင်)၁၀၁၂၇၃ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ်-၁၄၈၁၉)LL.B, DBL (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)နန္ဒဝန်လမ်း(၂၀/က)ရပ်ကွက်၊**
**ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/7370 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(စီ)၊ တိုက်အမှတ် (၀လက်စီတာဝါ-၄)၊ အခန်းအမှတ် (၁၆၀၄)၊ တိုက်ခန်းအမျိုးအစား (1-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၇၆၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးညဏ်ဝင်းထွန်း ၁၀/မလမ(နိုင်)၁၈၇၂၅၇ နှင့် ဒေါ်မိုမိုချိုဝင်း ၁၂/ဥကမ(နိုင်)၂၀၆၀၄၉ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကြိုင် ၁၂/ဗဟန(နိုင်)၀၆၈၃၁၄**
**ဖုန်း-၀၉ -၇၆၅၄၈၈၃၁၃၊ ၀၉ -၇၆၅၄၈၈၃၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၆)၊ လူနေရပ်ကွက် အမှတ်(၅၆)၊ ဆုပြည့်ရတနာ(၁)လမ်း၊ မြေကွက်အမှတ်(၃၃၃-က)၊ အကျယ်အဝန်း(၁၀'x၆၀')ရှိ အိမ်ခြံမြေကွက်နှင့် ဦးဘိုကေ (ISN-၁၆၁၃၅၉)အမည်ပေါက် ပါမစ်မိတ္တူနှင့် ယင်းအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်အရ ပိုင်ဆိုင်ထားသူ ဒေါ်ငွေမြိုင် ၁၂/လကန(နိုင်)၀၇၀၁၈၈ကေ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်မျိုး ၁၂/ဥကတ(နိုင်)၀၈၈၅၅၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ် -၁၄၈၁၉) LLB, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)နန္ဒဝန်လမ်း၊ (၂၀/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း -၀၉-၄၂၀၀၆၉၁၅၂**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(၄၈/လုံလော့ရပ်)၊ ဦးပိုင် အမှတ်(၂၅-က+၂၅-ခ)၊ ဧရိယာ ၀ ဒသမ ၄၇၇ ဧက အား ဤရုံး၏ ၃၀-၁၀-၂၀၂၃ ရက်စွဲပါ စာအမှတ် ၄/၆-၄/ဦး၁(၀၀၅) အရ ဒေါ်အေးတူ ၁၃/လရန(နိုင်)၀၈၇၈၃၂ မှ ဦးပိုင်ပေါင်းစပ်ခွင့်ရ မြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်အေးတူ အမည်ပေါက် မြေငှားဂရန်အမှုတွဲအား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်အေးတူ အမည်ဖြင့် ပေါင်းစပ်ခွင့်ရ မြေငှားဂရန်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကအား သံလွင်ရပ်ကွက်(၇)တိုးချဲ့ မြေနေရာချထားရေး ကြီးကြပ်မှုကော်မတီမှ ဦးအိုက်စံသို့ ချထားပေးခဲ့သော မြေကွက်အား ဦးရန်ရှင်ဟိုက်(ခ)ရန်ရွှေဟဲ ၁၃/သပန(နိုင်)၀၃၅၆၂၅မှ အခွန်ထမ်းဆောင်ပြီးဖြစ်သဖြင့် မြေငှား ဂရန်သစ်လျှောက်ထားလာမှုအပေါ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးရန်ရှင်ဟိုက်(ခ)ရန်ရွှေဟဲ အမည်ဖြင့်အသစ်လျှောက်မြေငှားဂရန်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

# ကိုဖြိုးမိုးခန့်(ဒါရိုက်တာ)
# ရန်ကုန်တာယာစက်ရုံ
# အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ခြံအမှတ်(၉/က) နေ ဦးမောင်မောင်ငွေး - ဒေါ်တင်ငွေးတို့၏ သားငယ်၊ မခိုင်မိုးပန်းနု၊ ကိုဘုန်းမိုးခန့် တို့၏မောင်/ညီ ကိုဖြိုးမိုးခန့် သည် ၁-၁၁-၂၀၂၅ရက် (စနေနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဗိုလ်ထွန်းဇံလမ်း၊ အမှတ်(၁၄၉၄)ဟုခေါ်တွင်သော (အလျား ၄၀ ပေ x အနံ ၆၀ပေ)ရှိ မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ထွန်း ၁၂/မရက(နိုင်)၀၅၁၈၄၉ ထံမှ တစ်ဆင့် ဝယ်ယူထားသူ ဦးမျိုးမင်းမင်းသိန်း ၁၂/လကန(နိုင်)၁၃၄၄၀၃ မှ ၎င်းတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇေယျ ၁၂/ဒဂရ(နိုင်)၀၂၃၂၄၆ မှ တန်ဖိုးငွေကျပ်သိန်း(၁၄၀၀)၊ (ကျပ်သိန်း တစ်ထောင့်လေးရာတိတိ)ဖြင့် (၇-၁၂-၂၀၁၅ )ရက်တွင် အပြီးအပြတ်ဝယ်ယူခဲ့ပြီး မြေကွက်အား လက်ဝယ်ရရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဇေယျ ၁၂/ဒဂရ(နိုင်)၀၂၃၂၄၆ တစ်ဦးတည်းသာ ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပါမစ်မှမြေဂရန်ရရှိရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၃၅)**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၄၉၃၃၅၀၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၁၀၆၇/က)ဟုခေါ်တွင်သော (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးကြင် (AC -၀၃၂၉၁၁)ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးတင်ထွဋ်ရှိန် ၁၂/စခန(နိုင်)၀၅၁၃၉၄ မှ ၎င်းတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြတ်နိုးအောင် ၁၂/ဒဂတ(နိုင်)၁၂၄၅၂၈ မှ တန်ဖိုးငွေကျပ် သိန်း(၉၀၀)၊ (ကျပ်သိန်းကိုးရာတိတိ)ဖြင့် (၁၆-၁-၂၀၁၉)ရက်တွင် အပြီးအပြတ် ဝယ်ယူခဲ့ပြီး မြေကွက်အား လက်ဝယ်ရရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြတ်နိုးအောင် ၁၂/ဒဂတ(နိုင်)၁၂၄၅၂၈ တစ်ဦးတည်းသာ ဝယ်ယူပိုင်ဆိုင်ထားကြောင်း နှင့် ပါမစ်မှမြေဂရန်ရရှိရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၃၅)**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၄၉၃၃၅၀၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၈၊ ဦးပိုင်အမှတ် ၆၅-က/၅၃လမ်း၊ ၁၀၅X ၁၀၆လမ်းကြားရှိ ဦးရဲမြင့်အမည်ပေါက်ဂရန်မြေကွက် အား အမွေဆက်ခံ စာချုပ်အမှတ်(၇၄၆/၂၀၂၄)ဖြင့် ပိုင်ဆိုင်ခဲ့သည့် ဒေါ်ထွေးထွေးမြင့်၊ ဦးအောင်ရဲစိုး၊ ဒေါ်ဟန်နီပိုးဥထွေး တို့ ၃ ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၉၈၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပန်းအိဖြူပြာမောင် ၉/ခမစ(နိုင်)၀၆၀၀၉၀ က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မှင်နီမှတ်ချက် ရေးသားခြင်းအားပယ်ဖျက်၍ သားရေးဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွာနုတ္တသားအဖြစ်အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ဘန်လောကျေးရွာ အုပ်စု၊ ဘန်လောအရှေ့ရွာ(ခေတ္တ-မြိတ်မြို့)၊ ခရူတောရပ်၊ အလက(၆)ကျောင်း ဝင်း) နေ ဒေါ်သန်းနု ၆/တသရ(နိုင်) ၀၀၃၁၄၃၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကွယ်လွန်သူ ဦးမောင်အင်နှင့် ဒေါ်သန်းနု တို့မှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြပြီး သားသမီး(၅)ဦးထွန်းကားခဲ့ရာ တနင်္သာရီမြို့နယ်၊ ဘန်လောအရှေ့ရွာနေ အကြီးဆုံးသားဖြစ်သူဦးအင်သန်းမှာ မိခင်ဖြစ်သူ၏ ပြောဆိုဆုံးမသော စကားများကို နားမထောင်သည့်အပြင် မိခင်၏ စကားကို ဆန့်ကျင်ခြင်း၊ မိဘနှစ်ပါးပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းဥယျာဉ်ခြံကို မိခင်ဟန့်တားနေသည့်ကြားက အနိုင်အထက်ပြုကာ စီမံခန့်ခွဲခြင်း၊ ရောင်းချခြင်း စသည်များ ပြုလုပ်မှုကြောင့် ယင်းသို့မလုပ်ဆောင်ရန် ပြောဆိုဆုံးမသည်ကို နာခံမှုမရှိဘဲ မိခင်ဖြစ်သူကို ဆဲရေးတိုင်းထွာ၍ ကြိုက်သည့်နေရာ တိုင်နိုင်ကြောင်း၊ အာခံပြောဆိုခြင်း၊ မိခင်ဖြစ်သူအား လုပ်ကျွေးပြုစုခြင်း မရှိဘဲ ယခင်က အကြိမ်ကြိမ် အမွေလာရောက်တောင်းခံရယူမှုအပေါ် မိသားစုများအကြား ပြဿနာဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် လိုက်လျောပေးခဲ့သော်လည်း သားတစ်ဦးအနေဖြင့် မိဘအပေါ် ပြုသင့်ပြုထိုက်သည့် ဝတ္တရားများ တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ပျက်ကွက်ခြင်းများ ရှိခဲ့ကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ မိခင်ဖြစ်သူ ဒေါ်သန်းနု အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ရန်သူသဖွယ်ပြုမူဆက်ဆံသည့်သားဖြစ်သူ ဦးအင်သန်း အား ဤကြေညာပါ သည့်ရက်မှစ၍ သွာနုတ္တသားအဖြစ် သတ်မှတ်လိုက်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။ ထို့အပြင် ဦးအင်သန်း တစ်ဦးတည်း၏ မိခင်၏ ဆန္ဒနှင့် ဆန့်ကျင်၍ ပြုလုပ်ဆောင်ရွက်မှုနှင့် ဆက်နွယ်ပတ်သက်သမျှ ကိစ္စအဝဝအပေါ် မိခင်ဖြစ်သူအနေဖြင့် သဘောတူညီမှုမရှိ၍ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သော်သော်ဦး LL.B,Advocate**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၆)**
**အခန်း(၁၀၂)၊ မြေညီထပ်၊ တိုက်(C)၊ ကုန်းမြင့်သာယာအိမ်ရာ၊**
**ရေပုန်းရပ်ကွက်၊ မြိတ်မြို့၊**
**ဖုန်း-၀၉-၂၅၀၄၇၀၄၈၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/90608, Honda Wave-100,M/C ယာဉ် လက်ဝယ်ရှိသူ ဦးကြွက်နီ ၁၀/ သထန(နိုင်)၁၀၄၂၈၁ က(ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/36504, Honda Wave-100,M/C ယာဉ် လက်ဝယ်ရှိသူ ဦးသက်လွင် ၁၀/ မလမ(နိုင်)၁၆၈၆၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## တရားမအထွေထွေမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူများသို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားမှု)**
**မုံရွာခရိုင်တရားရုံးတော်**
**၂၀၂၅-ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆**

| | | | |
|---|---|---|---|
| ဒေါ်ရီရီ | နှင့် | (၁) ဦးချိုမြင့် | (၂) ဒေါ်ယုယုဝင်း |
| | | (၃) ဒေါ်ပိုးသီရိဇင် | |
| လျှောက်ထားသူ | | လျှောက်ထားခံရသူများ | |

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကော်လဖြဲကျေးရွာနေ အမှတ်(၂)(၃) လျှောက်ထားခံရသူ ဒေါ်ယုယုဝင်းနှင့် သမီး ဒေါ်ပိုးသီရိဇင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် လျှောက်ထားသူ ဒေါ်ရီရီက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၅၈အရ ဝရမ်းခွာပေးစေလိုမှု လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုလျှောက်ထားမှုကို ၂၀၂၅-ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤလျှောက်ထားမှုကို သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းလျှောက်ထားမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်မည်။ ထို့ပြင် သင်ကလျှောက်ထားနိုင်ခွင့်ရှိသော ဤအမှုတွင် ကန့်ကွက်လိုလျှင် ရုံးတော်မှချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤတရားရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅-ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၁/စံတော်ချိန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၆၅)၊ ဧရိယာ(၀.၀၃၆)ဧကရှိမြေအား ဒေါ်သော်သော် အမည်ဖြင့် မြေငှားစာချုပ်အသစ် လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများ ကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်(၂၉-၁၀-၂၀၂၅)ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁/၅၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၁၀-လမ်း(၁၉)၊ ဧရိယာ(၀.၁၁၀)ဧကရှိမြေအား ဦးထွန်းနိုင်သန်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာ များကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်(၂၉-၁၀-၂၀၂၅)ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန် လမ်း၊ မြေကွက်အမှတ်(၄၄)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အဆောက် အအုံ၏ ပထမထပ် (ခေါင်းရင်းခန်း)နှင့်(ခြေရင်းခန်း)၊ စုစုပေါင်းအခန်း(၂)တွဲ တိုက်ခန်း(၂)ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံနိုင်ခွင့်ရှိသူများ ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြု ဝန်ခံသူ ဒေါက်တာမြင့်သိန်း ၁၂/အလန(နိုင်)၀၁၀၈၂၆၊ ဒေါ်ခင်ဝင်းရီ ၁၂/ အလန(နိုင်)၀၁၈၀၆၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသက်ခိုင် ၁၂/အလန(နိုင်)၀၅၁၈၀၂ မှ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အခန်း(၂)ခန်းတွဲ တိုက်ခန်း (၂)ခန်း၏ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၆၇)**
**အမှတ်(၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဖုန်း -၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၄၃၁၉၈၂၉၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ(၁၂)လမ်းအနောက်၊ အမှတ်(၉၉၇)နေ ဒေါ်မြင့်မြင့်ဝင်း ၁၂/သကတ(နိုင်)၁၃၉၈၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးသောင်းဇံ (ကွယ်လွန်)သည် ဒေါ်ငွေကြည် (ကွယ်လွန်)နှင့် အိမ်ထောင်မပြုခင်ကတည်းက ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ(၁၂)လမ်းအနောက်၊ အမှတ် (၉၉၇)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ) ရှိ မြေကွက်နှင့် နေအိမ်ကို ဦးသောင်းဇံ အမည်ပေါက်ဖြင့် ပိုင်ဆိုင်ခဲ့သော မြေကွက်နှင့် နေအိမ်ဖြစ် ပါသောကြောင့် ဦးသောင်းဇံ(ကွယ်လွန်)သည့်အချိန်တွင် ၎င်း၏သားသမီး (၂)ဦး ဖြစ်သည့် ဒေါ်မြင့်မြင့်ဝင်း၊ ဦးမြင့်ဝင်း(ကွယ်လွန်) ၏ဇနီး ဒေါ်မင်း မင်းသန်းတို့(၂)ဦးတည်းသာ အမွေဆက်ခံခွင့်ရှိသော မြေနှင့်အိမ်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြင့်မြင့်ဝင်း** | **ဒေါ်အေးပပလင်း(LL.B)** |
| **၁၂/သကတ(နိုင်)၁၃၉၈၅၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၇၂)** |
| | **ဖုန်း-၀၉-၄၂၀၃၈၇၀၃** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၈)၊ မြေကွက်အမှတ်(၃၆၄)၊ ခြေရင်းခြမ်း၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀x၆၀)ပေနှင့် မြေပို (၅)ပေ အပါအဝင် အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အိမ်ခန်း(၅)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်နွယ်နွယ်ဦး ၁/မညန(နိုင်)၀၉၄၃၀၅ မှ တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးသီတာလင်း ၁၂/ဒဂဆ(နိုင်) ၀၃၆၁၁၆ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဖြိုးသီတာလင်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင်(LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၁၉၈)**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး ခရိုင်၊ ကလေးမြို့၊ အထက လက်ပံ ချောင်း တွင် အလယ်တန်းပြတာဝန် ထမ်းဆောင်နေသော ဦးဇမ်လျင်းခန် နှင့် ဦးဇမ်းလျန်းခန့် ၅/ကလထ(နိုင်) ၀၂၀၀၂၇ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးဇမ်လျင်းခန်-ဦးဇမ်းလျန်းခန့်**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.လ.က -တံခွန်တိုင်မှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်နီနီမာ ၁၄/ကကထ (နိုင်)၁၄၃၆၉၀ နှင့် နန့်နီနီမာ သည် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဒေါ်နီနီမာ(ခ) နန့်နီနီမာ**
**၁၄/ကကထ(နိုင်)၁၄၃၆၉၀**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမက (သဲကုန်း)မှ လက်ထောက်မူလ တန်းပြ ဆရာမ ဒေါ်ကေဇင်ဖူး ၁၃/ကကထ(နိုင်) ၂၀၉၉၈၆ ၏ ဖခင် ဦးမြစိုးနှင့် ဦးမြစိုးနိုင်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဦးမြစိုး(ခ)ဦးမြစိုးနိုင်**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမက (သဲကုန်း)မှ လက်ထောက်မူလ တန်းပြ ဆရာမ ဒေါ်ခင်ဝတ်မှုန် ဇင် ၁၄/ကကထ(နိုင်) ၂၁၁၅၅၇ ၏ ဖခင် ဦးဖိုးကြည် နှင့် ဦးဘိုးကြည် မှာ လူပုဂ္ဂိုလ်တစ်ဦး တည်း ဖြစ်ပါကြောင်း။

**ဦးဖိုးကြည်(ခ) ဦးဘိုးကြည်**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(ခ/၃၈)ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ (အလျား ၁၅ပေ x အနံ ၃၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်ဆိုင်ခန်းသည် ဒေါ်ဥမ္မာဝင်း က ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(ခ/၁၃)နေ ဒေါ်ဥမ္မာဝင်း ၁၂/အစန(နိုင်)၁၄၅၈၀၀၇၏ လွှဲအပ်ညွှန်ကြားချက်ရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်ဆိုင်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာဝင်း သည် အရပ်ကတိစာချုပ်ဖြင့် ဒေါ်စောကေသီ ၇/ပခန(နိုင်)၁၈၈၂၆၆ ထံမှ ဝယ်ယူ လက်ရောက်ရယူခဲ့၍ မြေကွက်နှင့် နေအိမ်ဆိုင်ခန်း၏ပိုင်ရှင်ဖြစ်ပါသည်။ ယင်း မြေကွက်အပါအဝင် နေအိမ်ဆိုင်ခန်းနှင့်ပတ်သက်၍ မည်သူကိုမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းနှင့်ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၇၅)**
**အမှတ်(၅၁၀/က)၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၃၉၄၄၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်သက်စိုး ၁၄/နေဖ(နိုင်)၂၀၁၂၈၉သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ် ပါကြောင်း။

**ဒေါ်စောမြင့် ၁၄/နေဖ(နိုင်)၀၄၉၀၃၇**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံ၊ ၁၁ / ၁-ရပ်ကွက်၊ ထွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်( ၂၀၈)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံ၊ ၁၁/၁-ရပ်ကွက်၊ ထွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၂၀၈)နေ ဒေါ်ငြိမ်းငြိမ်းအေးသူ (၁၂/ကမန (နိုင်) ၀၇၄၇၆၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရွှေပေါက္ကံ၊ ၁၁/၁-ရပ်ကွက်၊ ထွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၂၀၈) အကျယ်အဝန်း-အလျား(၂၀)ပေxအနံ(၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ ဒေါ်ဆန်းယဉ်ချော (၁၂/တမန (နိုင်) ၀၁၀၉၃၅) အမည်ပေါက် ပါမစ်မြေကွက် ဖြစ်ပြီး ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေ၊ မီးအကျိုးခံစားခွင့်အရပ်ရပ် တို့အား ရောင်းချသူ ဦးမြင့်သောင်း(၁၄/ကလန(နိုင်)၀၃၄၈၉၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအေးသူ (၁၂/ကမန(နိုင်)၀၇၄၇၆၃)က အရပ် ကတိစာချုပ်အဆက်စပ်ဖြင့် အပြီးအပိုင်ဝယ်ယူကာ ပိုင်ဆိုင်နေထိုင်လျက် ရှိပါသည်။ အထက်ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းအေးသူမသိရှိဘဲ ပိုင်ဆိုင်မှုစာရွက်စာတမ်းသော် လည်းကောင်း၊ အိမ်နှင့်မြေကိုလည်းကောင်း ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းမှုများ မပြု လုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းအေးသူ ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်စုစုအောင် (LL.B)** | **ဒေါ်သဲသဲမွန် (LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ (LL.B)** |
| **(စဉ်-၁၃၄၉၈/၂၀၁၇)** | **(စဉ်-၁၀၈၆၄/၂၀၁၆)** | **(စဉ်-၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၃၃၁)၊ သီလ(၁၀)လမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၇၇၈၉ ၄၀၂၀၆**

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍ မရ ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင် ပြုလုပ်သော လျှော်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား



နေပြည်တော် နိုဝင်ဘာ ၃

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းဖြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲ သဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို အများပြည်သူရှုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် ဒုတိယနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြောက်ဘက် ဝတ္ထုကမြေပေါ်တွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက် အဆင်ပြေစေရန်အတွက် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ *စာမျက်နှာ ၇ ကော်လံ ၁* ◆

## လာလီဂါပွဲစဉ် (၁၁)တွင် ဘာစီလိုနာက အယ်ချီကို ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၁) မှ နိုဝင်ဘာ ၃ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် အယ်ချီအသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက ယာမဲလ်၊ ရက်ဖို့ဒ်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဦးဆောင်သူ ရီးရဲမက်ဒရစ်အသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။

ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် အယ်ချီအသင်းသည် ယခုပွဲစဉ်တွင်လည်း ပြိုင်ဘက်ဘာစီလိုနာအသင်း၏ ထိန်းချုပ်ကစားမှုအောက် ပုံစံကောင်းဆက်လက်ပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ဘာစီလိုနာအသင်းသည် ပွဲအစကတည်းက ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့ပြီး လာမင်းယာမဲလ်၊ ဖာရန်တောရက်စ်တို့၏ သွင်းဂိုးများဖြင့် အယ်ချီအသင်းကို ၁၂ မိနစ်အတွင်း နှစ်ဂိုးပြတ် ဦးဆောင်ထားနိုင်ခဲ့သည်။

ပွဲချိန် ၄၂ မိနစ်တွင် အယ်ချီအသင်းအတွက် တောင်ပံတိုက်စစ်ကစားသမား ရာဖေးမီရိုက ချေပဂိုးသွင်းယူပေးခဲ့သည်။ အယ်ချီအသင်းသည် ဘာစီလိုနာအသင်းကိုအကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း *စာမျက်နှာ ၂၁ ကော်လံ ၁* ○



ဘာစီလိုနာကစားသမား
ယာမဲလ် အယ်ချီအသင်းဘက်သို့
ဦးဆောင်ဂိုး သွင်းယူစဉ်။

## အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၃

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ယနေ့ သတင်းအညွှန်း


အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ဆိုးရွားသော လေထုညစ်ညမ်းမှုများဖြစ်ပေါ် — နိုင်ငံတကာသတင်း စာ ၁၄

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ — ပြည်တွင်းသတင်း စာ ၂၈